# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၅)ရက် ၊ တနင်္ဂနွေနေ့ ၊ (29-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။


၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shu-leiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁) Mr. Lukashevich Sergey Vladimirovich နှင့် တာဝန်ရှိသူများက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၂၈**

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr.Alexey SambuevichTsydenov ၏ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ ဆက်လက်ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား

**စာမျက်နှာ ၁၆ ကော်လံ ၁**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone



ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# ဝါဆိုဆန်းစချိန်ခါ ကုသိုလ်တရားများ ပွားများဝေဖြာ

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်ပြီး နွေအကုန်မိုးအကူး စွတ်စိုသောရာသီအခါသမယလတစ်လဖြစ်ပါသည်။ ကောင်းကင်ယံတစ်ခွင်၌ မိုးသံလေသံများဆူညံပြီး မိုးဖြိုင်ဖြိုင်ရွာသည့်လဖြစ်သည့်အတွက် သစ်ပင်ပန်းမာန်များ စိမ်းစိမ်းစိုစိုရှိပြီး သစ်ပင်စိုက်ပွဲတော်များ မြန်မာပြည်တစ်ဝန်း၌ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ကျင်းပသောလလည်းဖြစ်ပါသည်။

ပုဂံခေတ်က ဝါဆိုလကို မြွယ်တာဟုအသုံးများသည်။ ဇေဒင်အရ ကရကဋ်ရာသီဟုခေါ်ပြီး ရာသီရုပ်မှာ ပုစွန်လုံးဖြစ်သည်။ ရာသီပန်းများမှာ ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့ဖြစ်ကြသည်။ ဝါဆိုလ၏ရာသီပွဲတော်မှာ ပဉ္စင်းခံပွဲဖြစ်ပြီး နောက်ပိုင်းကာလတွင် ဝါတွင်းကာလထက် ကုသိုလ်ရှင်တို့ ပိုမိုအဆင်ပြေသော နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင်သာ စည်စည်ကားကားကျင်းပလေ့ရှိသည်။ ဝါဆိုလ၏ အထင်ကရ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားရာ ဓမ္မစကြာအခါတော်နေ့ဖြစ်ပြီး ဘုရားရှင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦးဓမ္မစကြာဟောကြားတော်မူခြင်း၊ ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာပြသတော်မူခြင်း၊ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးစုံညီတော်မူခြင်း စသော ဘာသာရေးမှတ်တိုင်စိုက်ထူရာ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ဝါဆိုလတွင် သံဃာတော်များသည် မြတ်စွာဘုရားရှင်၏ ဆုံးမဩဝါဒအတိုင်း ဝါတွင်းကာလအတွင်း ဝါဆိုဝါကပ်တော်မူကြသည်။ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် နိုင်ငံတစ်ဝန်း အချို့ဒေသများတွင် ဝါဆိုပန်းခူးဆွတ်သည့်အလေ့ကို ရှေးမှစ၍ ယနေ့တိုင်ကျင်းပကြလေ့ရှိပြီး ဘုရားရှင်အား ကပ်လှူရန်ရည်ရွယ်၍ ပန်းများကိုပျော်ရွှင်စွာ ခူးဆွတ်ဆင်နွဲခြင်း အလေ့ပင်ဖြစ်သည်။ ထိုသို့ ဝါဆိုပန်းများနှင့်အတူ ဝါဆိုဖယောင်းတိုင်ကြီးများ၊ အခြားလှူဖွယ်ပစ္စည်းများအပြင် ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ကြလေ့ရှိသည်။

ဝါဆိုသင်္ကန်းကပ်လှူခြင်းသည် သရဏဂုံသုံးပါးဆောက်တည်ခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ စာရေးတံမဲလှူဒါန်းခြင်း၊ အစိမ်းဆွမ်းဝတ်မပြတ်လှူဒါန်းခြင်း၊ ရေတွင်း၊ ရေကန်များ လှူဒါန်းခြင်း၊ အရိပ်အာဝါသလှူဒါန်းခြင်း(ကျောင်းဆောက်လှူဒါန်းခြင်း)တို့နည်းတူ အပါယ်တံခါးပိတ်စေသော ကုသိုလ်ထူးတစ်မျိုးပင်ဖြစ်သည်။

ရဟန်းတော်တို့အား ဝါဆိုသင်္ကန်းကပ်လှူသူတို့သည် ဘဝသံသရာကျင်လည်နေသမျှကာလပတ်လုံး အဝတ်အထည်အတွက် စိုးရိမ်ကြောင့်ကြရမှုကင်းခြင်း၊ ရုပ်ဆင်းအင်္ဂါ ရွှေရောင်အဆင်းလှပတင့်တယ်ခြင်း၊ ခန္ဓာကိုယ်တွင် အညစ်အကြေးတို့ကင်းစင်ခြင်း၊ အလိုရှိပါက တောင်းတရုံမျှဖြင့် အဝတ်အထည်ရရှိခြင်း၊ သံသရာ၌ ဘုရားရှင်တို့နှင့်တွေ့ကြုံဖူးမြော်ခွင့်ရခဲ့သည်ရှိသော ဘုရားရှင်က ဧဟိဘိက္ခု ခေါ်ရုံမျှဖြင့် ရဟန်းအသွင်အလိုလိုဖြစ်ခွင့်ရခြင်းဟူသော အကျိုးတရား ခုနစ်ပါးကို ရရှိစေနိုင်သော အကျိုးကျေးဇူးများသည့် အလှူတစ်မျိုးဖြစ်ပါသည်။

ဝါဆိုကာလသည် ဗုဒ္ဓဘာသာမြန်မာတို့အတွက် မွန်မြတ်သော လတစ်လဖြစ်ပါသည်။ ဝါဆိုကာလမှစ၍ တရားဓမ္မသံများ ဝေစည်လျက်ရှိသည့်အပြင် လောကီကာမဂုဏ်ကိစ္စများဖြစ်သည့် ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများပင် ခေတ္တရပ်နားထားကြလေ့ရှိသည်။ ဝါတွင်း၌ ရဟန်းသံဃာတော်များအား လှူဖွယ်အစုစု လှူဒါန်းပူဇော်ဆက်ကပ်ကြသည့်အပြင် သက်ကြီးဝါကြီးပုဂ္ဂိုလ်များကိုလည်း ပူဇော်ကန်တော့ပွဲများ ကျင်းပလေ့ရှိသည်။ ဝါဆိုလသည် ဗုဒ္ဓဘာသာဝင်မြန်မာတို့အတွက် အခြားလများထက် ကုသိုလ်ကောင်းမှုများ တိုးပွားပြည့်စုံစေသော လတစ်လလည်းဖြစ်ရာ ရခဲလှသော လူ့ဘဝအချိန်တစ်ခဏအတွင်း ဝါဆိုဆန်းစအချိန်ကစ၍ ပစ္စုပ္ပန်နှင့်သံသရာအကျိုးများရာ ကောင်းမှုကုသိုလ်တရားများကို မမေ့မလျော့ပွားများကြပါရန် နှိုးဆော်ရေးသားလိုက်ရပါသည်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇွန် ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၆၂၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၀၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဝါ ၆၂၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာပါ။ သီးနှံအထွက်နှုန်းတွေ တိုးတက်စေဖို့ တောင်သူတွေကို ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးနိုင်အောင် ပံ့ပိုးပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ဝါစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေး၊ ဝါဖြစ်ထွန်းအောင်မြင်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး စသည့် တောင်သူပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေထွက် ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀) စသည့် ဝါမျိုးများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရကာ ယခုနှစ်တွင်လည်း ဝါစိုက်ပျိုးခြင်းကို သတ်မှတ်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စဉ့်ကိုင် ဇွန် ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီဆုံကျေးရွာအုပ်စု အိုးထိန်းတောင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲ စာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အိုးထိန်းတောင်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၇၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ဦးကို ငွေကျပ် ၃၀၆ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ် ၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ငွေကျပ် ၅၃၃ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးစိမ်းအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဇွန် ၂၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးစိမ်းအလုံးရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ကွမ်းသီးစိမ်းအလုံးရေ ၆၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မေလအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၉၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲ လိုပါတယ်။ လက်ရှိ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၂၀၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်က ကွမ်းသီးစိမ်းတွေ အများအပြား ဝယ်ယူမှုကောင်းလာတော့ ကွမ်းသီး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လျက်ရှိနေပါတယ်'' ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက်ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိရာ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကွမ်းသီးစိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်ထံမှ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်အောင်မြို့နယ် နတ်ပီတိကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ နဝမအကြိမ် ထုတ်ချေး

**မြန်အောင် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ပီတိကျေးရွာအုပ်စု နတ်ပီတိကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေ ပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုး အခြားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၇ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေသည် ကျေးရွာပိုင်၊ အများပိုင်ငွေကြေး တစ်ရပ်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်သဖြင့် ဆင်းရဲမှု လျှော့ကျလာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နတ်ပီတိကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၃၁၆ သိန်းကို လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၀၇ သိန်းကိုလည်းကောင်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၀၃ သိန်းကိုလည်းကောင်းအတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၄၃ လမ်း၊ ၈၂-၈၃ လမ်းကြားနေ ဦးကံစော-ဒေါ်လှလှမြင့် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၉၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၉၆၄၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၃၃၉ ဧက၊ ဘုတလင်မြို့နယ်တွင် ၇၂၈ ဧက၊ အရာတော်မြို့နယ်တွင် ၅၀၂ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၂၅ ဧက စုစုပေါင်း ၁၇၉၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နေကြာဧက ၉၆၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက်ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၉၄၅ ဧက၊ ဘုတလင်မြို့နယ်တွင် ဧက ၅၇၁၀၊ အရာတော်မြို့နယ်တွင် ၂၇၃၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၂၅၀ စုစုပေါင်း ၉၆၄၂ ဧကဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ပွွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ မကျီးကန်ကျေးရွာအုပ်စု ပွွန်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကိုယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ပွွန်ကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ပွွန်ကန်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို ငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် မေလအတွင်း ရောပဒေသာ စပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ရောပဒေသာ စပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ရောပဒေသာ စပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ရောပဒေသာစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ရောပဒေသာ စပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေရပါတယ်။ ရောပဒေသာ စပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ ဆန်ကြမ်းဆိုပေမဲ့ လူတန်းစားမရွေး ကြိုက်နှစ်သက်ပြီး စားကောင်းတဲ့ ဆန်ဖြစ်ပါတယ်။ အဲ့ဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအဲဒီစပါးတွေရောင်းကောင်းနေဆဲဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ စနစ်တကျထုပ်ပိုးသန့်စင်ပြီး အခက်အခဲမရှိ တင်ပို့ရောင်းချလျက်ရှိပါတယ်''ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း တင်ပို့ရောင်းချခဲ့သည့်ရောပဒေသာ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ တင်ပို့ ရောင်းချခဲ့သည့် ရောပဒေသာ စပါးများ သည် အရည်အသွေး ကောင်းမွန်ကြောင်း၊ အဆိုပါစပါးများ ရောင်းအားကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# လုပ်ငန်းငယ်များလေ့လာရမည့် စီးပွားရေးဆိုင်ရာစိတ်ပညာ

**မျိုးသူ(ကုန်သွယ်မြှင့်)**

> ❖လုပ်ငန်းငယ်များတွင် ဝန်ထမ်းနှင့်လုပ်သား အနည်းငယ်သာ ရှိတတ်သည်။ ထိုသူများသည် မိမိလုပ်ငန်းနှင့် လုပ်ငန်းရှင်အပေါ် ချစ်ခင်လေးစားရန်လိုအပ်သည်။ မိဘသဖွယ်ဖြစ်စေ အားကိုးလောက်သော ပုဂ္ဂိုလ်အနေဖြင့်ဖြစ်စေ ချစ်ခင်လေးစားနေရန် လုပ်ငန်းရှင် သို့မဟုတ် မန်နေဂျာက ပြုမူနေရန်လိုအပ်သည်။ ဝန်ထမ်းနှင့် လုပ်သားများကို ချီးကျူးခြင်း၊ ဆုပေးခြင်း၊ ချစ်ခင်ကြောင်း ပြသခြင်းနှင့် ဝန်နှင့်မျှတအောင် တာဝန်ပေးခြင်း၊ ခိုင်းခြင်းများကိုလည်း လုပ်ပေးရမည်။ ဝန်နှင့်အားမမျှ လျှင်လည်း ကုန်ထုတ်စွမ်းအားကျဆင်းတတ်သည်။ ❖

လုပ်ငန်းငယ်လေးများအတွက် လုပ်ငန်းရှင်သန်ရေးနှင့် ရေရှည်ရပ်တည်ရေးအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် ဈေးကွက်ဖော်ဆောင်မှုတို့သည် အရေးကြီးဆုံးဖြစ်သည်ဟု နားလည်တတ်ကြသည်။ ထိုအချက်များ ပိုမိုအဆင်ပြေစေရန်အတွက် အထောက်အကူပြုမည့်အချက်တစ်ခုမှာ စိတ်ပညာဖြစ်သည်။ စီးပွားရေးဆိုင်ရာစိတ်ပညာများကို သိရှိနားလည်ခြင်းဖြင့် လုပ်ငန်းငယ်များအောင်မြင်ရန်အတွက် များစွာအထောက်အကူပြုနိုင်သည်။ မည်သည့်အတွက်ကြောင့် ကြော်ငြာများကို အကုန်အကျခံပြီး ပြုလုပ်ကြသည်။ MLM လုပ်ငန်းများ အဘယ်ကြောင့်ကြော်ငြာမရှိဘဲ ရောင်းချနေကြရသလဲ၊ အွန်လိုင်းက ဈေးရောင်းကြသည့်အခါ အဘယ်ကြောင့် အချို့လူများအောင်မြင်ပြီး အချို့လူများ မအောင်မြင်ကြပါသလဲ။ အထက်ပါအချက်များတွင် ဈေးရောင်းသည့်ပညာနှင့် သက်ဆိုင်လာကြပြီး ဈေးရောင်းရစေရန် ဆောင်ရွက်ခြင်းများတွင် စီးပွားရေးဆိုင်ရာစိတ်ပညာနှင့် ဆက်စပ်လာသည်။ ထို့အတူပင် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်စေရန်အတွက် မည်သည့်အချက်များ လုပ်ကြပါသလဲ။ ဝန်ထမ်းများကုမ္ပဏီအပေါ် သစ္စာရှိရန်၊ စွဲစွဲမြဲမြဲ အလုပ်လုပ်ရန် မည်သည့်အချက်များက လုပ်ပေးနိုင်ပါသလဲ စသည့်အချက်များသည်လည်း စီးပွားရေးဆိုင်ရာ စိတ်ပညာနှင့် သက်ဆိုင်နေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ကျွန်တော်တို့ လုပ်ငန်းရှင်ငယ်များသည် ရောင်းချသည့် သို့မဟုတ် လုပ်ကိုင်သည့် ဝန်ဆောင်မှုအပေါ်တွင်သာ အာရုံစိုက်ပြီး အရည်အသွေးကောင်းရန်တစ်ခုတည်းသာ လုပ်ကိုင်နေ၍မရဘဲ အခြားသောအရေးကြီးသည့် အချက်များကို ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာစိတ်ပညာကို သိရှိလေ့လာထားသင့်သည်။

**ဝယ်ယူစားသုံးသူများ**

မည်သည့်လုပ်ငန်းတွင်မဆို အရေးအကြီးဆုံးပုဂ္ဂိုလ်မှာ ဖောက်သည်နှင့် ဝယ်သူများသာဖြစ်သည်ကို နားလည်ကြသည်။ မိမိကုန်ပစ္စည်းကို ဝယ်ယူမည့်သူများ၏ ယေဘုယျတွေးဆချက်များ စိတ်နေစိတ်ထားများကို သိထားလျှင် ဝယ်ယူသူကို ဆွဲဆောင်ရသည်မှာ ပိုမိုလွယ်ကူသည်။ လူတိုင်းတွင် ရှိတတ်သည့် စူးစမ်းလိုစိတ်၊ နှစ်လိုဖွယ်အခြေအနေအပေါ် ကြိုက်နှစ်သက်စိတ်၊ အလှအပအပေါ် နှစ်သက်စိတ်၊ စသည့် အချက်များကိုအသုံးချပြီး ဈေးဝယ်သူကို ဆွဲဆောင်နိုင်ကြသည်။ အလိုလိုဖြစ်ပေါ်လာတတ်သည့်စိတ်ကိုအခြေခံ၍ ဝယ်ယူလိုစိတ်ဖြစ်လာအောင်နှင့် ဝယ်ယူလာစေရန် ဆွဲဆောင်နိုင်ရမည်ဖြစ်သည်။ လူများသည် ချစ်စရာကောင်းသော ပစ္စည်းများ၊ လျှော့ဈေးပေးထားသော ပစ္စည်းများ၊ ကန့်သတ်ထားသည့်အရေအတွက် စသည်တို့သည် အလိုလိုဝယ်ယူလိုစိတ်ကို တိုးပွားစေသည်။ ထို့ပြင် အတ္တကိုအခြေခံထားသည့် လူ့စိတ်အရ ဆုံးရှုံးမည်ကိုလည်းကောင်း၊ လက်လွှတ်လိုက်ရမည်ကိုလည်းကောင်း ကြောက်တတ်သည်။ ထိုအချက်ကိုအသုံးချ၍ လက်ရှိမဝယ်လျှင် အခွင့်အရေးဆုံးရှုံးသွားမည်ဟု ထင်မြင်လာစေရန် "သုံးရက်အတွင်းသာ ပုံမှန်ဈေး၏ ၅၀ ရာခိုင်နှုန်းပေးမည်" သို့မဟုတ် "အရောင်းမြှင့်တင်သည့်နေရာတွင် ဝယ်ယူလျှင် ဈေးလျှော့ပေးမည်" စသည့်နည်းလမ်းများကို သုံးနိုင်သည်။ ပထမဆုံးလုပ်ရမည့်အလုပ်မှာ ရောင်းမည့်ကုန်ပစ္စည်းကို ဝယ်သူမှသိနေစေရန် အရေးကြီးသည်။ ပြီးလျှင် ကြိုက်ရမည်၊ ပြီးလျှင်ဝယ်ရမည်၊ ထို့နောက် ထပ်လာရမည်၊ ထပ်ဝယ်ရမည်ဟု လုပ်နိုင်ရန်လိုသည်။

**ဝယ်ယူမည့် ဆုံးဖြတ်ချက်ချစေရန် စိတ်ပညာကိုသုံးပါ**

လိုအပ်သော ကုန်ပစ္စည်းအတွက် ဆိုင်သို့ရောက်လာသော ဝယ်ယူမည့်ဖောက်သည်ကို ဝယ်ယူမည်ဟူသော ဆုံးဖြတ်ချက်ချလာစေရန် စိတ်ပညာကိုသုံးနိုင်သည်။ Anchoring Effect ဟူသောပုံသေသတ်မှတ်ချက် အကျိုးသက်ရောက်မှုကို အသုံးပြုနိုင်သည်ဟုဆိုသည်။ ကုန်ပစ္စည်းတစ်ခု၏ ဈေးနှုန်းတစ်ခုကို ကြားထားခြင်းသော်လည်းကောင်း၊ ယခင်က သိထားလျှင်သော်လည်းကောင်း အဆိုပါဈေးနှုန်းသည် ဝယ်ယူမည့်သူ၏စိတ်တွင် ကျောက်ချထားသကဲ့သို့ အခြေခံအချက်အလက်တစ်ခုအဖြစ် စွဲမြဲနေတတ်သည်။ ယခု ရောင်းချနေသည့် ဈေးလျှော့ထားသည်ဆိုသည့်အခါမျိုးတွင် ယခင်စိတ်ထဲတွင် ကျောက်ချထားသော ဈေးနှုန်းဖြင့် အတွင်းစိတ်က နှိုင်းယှဉ်ကြည့်ပြီး ဈေးသက်သာသည်၊ ဝယ်ယူသင့်သည်၊ အကျိုးရှိသည်ဟု ထင်မြင်လာစေခြင်းဖြစ်သည်။ ဥပမာ ၁ x ၂ x ၃ x ၄ x ၅ x ၆ x ၇ x ၈ နှင့် ၈ x ၇ x ၆ x ၅ x ၄ x ၃ x ၂ x ၁ တို့၏ရလဒ်သည် တစ်ခုတည်းဖြစ်သော်လည်း ဝယ်ယူသူ၏စိတ်တွင် တစ်ဖြင့်စသောကိန်းသည် သက်သာသည် ငယ်သည်ဟုထင်တတ်ကြသည်။ ထို့ပြင် ဈေးနှုန်းများတွင် ၉၉၉၉ ကျပ်သည် ထောင်ဂဏန်းဖြစ်၍ ငွေကျပ် ၁၀၀၀၀ သည် သောင်းဂဏန်းဖြစ်သော်လည်း ၉၉၉၉ ကျပ်ထက် တစ်ကျပ်သာများသည်။ သို့သော် သောင်းဂဏန်းဖြစ်နေသဖြင့် ၉၉၉၉ ကျပ်ထက် များစွာဈေးကြီးသည်ဟု ထင်တတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ထောင်ဂဏန်းနှင့် သောင်းဂဏန်းသည် ဆယ်ဂဏန်းတစ်ခု အနည်းဆုံးကွာခြားသည်ဟု စိတ်တွင်ကျောက်ချမှတ်သားထားစိတ်ရှိသည့်အတွက်ဖြစ်သည်။ ထို့ကြောင့် တစ်သောင်းဟုဈေးကိုမဆိုဘဲ ၉၉၉၉ ကျပ်ဟု ဈေးဖော်ပြထားသည့်အခါ ဈေးသက်သာသည်ဟု ထင်မြင်ယူဆစေသည်။ အလားတူပင် နေရာတစ်ခုကို ဝင်ကြေးသတ်မှတ်ထားပြီး ဆိုင်အတွင်းမှ ပစ္စည်းတစ်ခုဝယ်ယူလျှင်ပင် ဝင်ကြေးကို လျှော့ချပေးပါက ဝယ်ယူသည့်သူ ပို၍များစေသည်။ ဝင်ကြေးကိုများသည်ဟုယူဆပြီး ပစ္စည်းတစ်ခုကို ဝယ်ယူသည့်အခါ ပြန်ရသည်ကိုသာ စဉ်းစားပြီးပစ္စည်းအတွက် ငွေကြေးကုန်ကျရသည်မှာ တန်သည်ဟုစိတ်တွင်ထင်မြင်စေ၍ ဝယ်ယူမှုမြှင့်တက်လာခြင်းမျိုးဖြစ်သည်။

**ဝန်ထမ်းလုပ်သား စိတ်ဓာတ်ကို မြှင့်တင်ပါ**

လုပ်ငန်းငယ်များတွင် ဝန်ထမ်းနှင့် လုပ်သားအနည်းငယ်သာရှိတတ်သည်။ ထိုသူများသည် မိမိလုပ်ငန်းနှင့် လုပ်ငန်းရှင်အပေါ် ချစ်ခင်လေးစားရန်လိုအပ်သည်။ မိဘသဖွယ်ဖြစ်စေ အားကိုးလောက်သောပုဂ္ဂိုလ်အနေဖြင့်ဖြစ်စေ ချစ်ခင်လေးစားနေရန် လုပ်ငန်းရှင် သို့မဟုတ် မန်နေဂျာက ပြုမူနေရန်လိုအပ်သည်။ ဝန်ထမ်းနှင့် လုပ်သားများကို ချီးကျူးခြင်း၊ ဆုပေးခြင်း၊ ချစ်ခင်ကြောင်း ပြသခြင်းနှင့် ဝန်နှင့်မျှတအောင် တာဝန်ပေးခြင်း၊ ခိုင်းခြင်းများကိုလည်း လုပ်ပေးရမည်။ ဝန်နှင့်အားမမျှလျှင်လည်း ကုန်ထုတ်စွမ်းအား ကျဆင်းတတ်သည်။ ဝန်ထမ်းနှင့် လုပ်သားများ၏ ကျွမ်းကျင်မှုမြင့်လာစေရန်နှင့် ဆင်ခြင်တုံတရား ကောင်းမွန်ရေးအတွက်လည်း မသိမသာ လေ့ကျင့်ပေးမှုများ လုပ်ပေးရန် လိုအပ်သည်။ တစ်ခါတစ်ရံတွင် လူတို့သည် ချစ်ခင်ခြင်း၊ အလေးထားခံရခြင်း၊ ဂရုစိုက်ခံရခြင်းတို့ကို ငွေကြေးအကျိုးအမြတ်ထက် တန်ဖိုးထားတတ်သည်။ ထို့ကြောင့် လုပ်သားနှင့်ဝန်ထမ်းများကို အပြန်အလှန်လေးစား စိတ်ထားနိုင်ရန် ပြုမူခြင်း၊ ချစ်ခင်လေးစားကြောင်း တန်ဖိုးထားကြောင်း ပြသပေးခြင်းများကို ပြုလုပ်ရမည်ဖြစ်သည်။ သို့သော်လည်း ချစ်ခင်ကြောင်းပြသသကဲ့သို့ အတွင်းစိတ်တွင်လည်း ထိုအတိုင်းရှိနေပါက ပိုမိုအကျိုးသက်ရောက်မည်ဖြစ်သည်။

**စိတ်ခံစားချက်ကို ထိန်းသိမ်းပါ**

ဈေးရောင်းရာတွင် ခံစားချက်ကို ထိန်းသိမ်းနိုင်ရန် အလွန်အရေးကြီးသည်။ ဝယ်ယူသူ အစဉ်မှန်သည်ဆိုသော်လည်း ဝယ်ယူသူသည် ရောင်းသူထံမှ ရသမျှသောအကျိုးကျေးဇူးကို ပြန်လည်ရယူလိုတတ်သည်။ ထို့ကြောင့် အလွန်အကြူးဈေးဆစ်ခြင်း၊ ဝန်ဆောင်မှုကို အများအပြားရယူလိုခြင်း၊ နိုင်ထက်စီးနင်းဆက်ဆံခြင်း စသည်များကိုလည်း ရံဖန်ရံခါ ကြုံရတတ်သည်။ ထိုအခါမျိုးတွင်လည်း စိတ်တိုဒေါသထွက်ပြီး ဝယ်ယူသူကို စိတ်တိုဒေါသထွက်စိတ်ဖြင့် စိတ်လိုက်မာန်ပါ ပြန်လည်တုံ့ပြန်မိပါက ရောင်းချခြင်းပျက်ပြားမည်ဖြစ်သည်။ လုပ်ငန်းကြီးများတွင် ဈေးညှိနှိုင်းရသည့်အခါမျိုးတွင် စိတ်ခံစားချက်ကို ထိန်းသိမ်းထားနိုင်ရန် အထူးလိုအပ်သည်။ ထို့ပြင် လုပ်ငန်းငယ်များတွင် အခက်အခဲများ ကြုံရသည့်အခါတွင် ငါမအောင်မြင်နိုင်တော့ဘူးဟု စိတ်တွင်ခံစားချက်ဖြင့် စိတ်ဓာတ်ကျဆင်းမှုဖြစ်မည့်အခြေအနေကို ထိန်းသိမ်းနိုင်ရန် လိုအပ်သည်။ စိတ်ဓာတ်ကျမည့်အစား အခက်အခဲကို ကျော်လွှားနိုင်မည့် နည်းလမ်းကို ရှာဖွေရမည်ဖြစ်သည်။ ထို့ကြောင့် အောင်မြင်သူတို့၏ Mind set ကိုလေ့လာပြီး အတုယူသင့်သည်များကို အတုယူရမည်ဖြစ်သည်။ ထို့ပြင် ထိုသူတို့၏ စိတ်နေသဘောထားများကိုပါ လေ့လာရမည်ဖြစ်သည်။ အဆိုးမြင်စိတ်များ ပေါ်ပေါက်လာလျှင် လျှော့ချပြီး အကောင်းမြင်စိတ် မွေးမြူရန်လည်း လိုအပ်သည်။

**အွန်လိုင်းဈေးကွက်ဖော်ဆောင်ခြင်း**

ယနေ့ခေတ်တွင် မပါမပြီးဖြစ်လာသော အွန်လိုင်းက ဈေးရောင်းသည့်အခါများတွင်လည်း စီးပွားရေးစိတ်ပညာကိုသုံး၍ ရောင်းချသင့်သည်။ အရောင်များ၊ အပြုအမူများ၊ အလှအပများသည် ဝယ်ယူသူများ၏ စိတ်ကိုဆွဲဆောင်ကြသဖြင့် အဆိုပါအချက်များဖြင့် ဝယ်ယူသူက ဝယ်ယူလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ရှားပါးသည်ဟု ထင်မြင်စေသည့်နည်းလမ်းကို သုံးမည်ဆိုပါက ဤပစ္စည်းအရေအတွက်ကို အခုရေ ၁၀၀ ထိသာ ဤဈေးဖြင့် ရောင်းချမည်၊ ပရိုမိုးရှင်းကာလတွင်သာ ရောင်းဈေးကို ၃၀ ရာခိုင်နှုန်းလျှော့ပေးမည်၊ ယနေ့ အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည် စသည့် အချက်များဖြင့် အရောင်းကိုမြှင့်တင်နိုင်သည်။ ထို့ပြင် အရောင်များသည် ဝယ်ယူသူစိတ်ကို တိုက်ရိုက်သက်ရောက်တတ်သဖြင့် အရောင်များဖြင့် ဆွဲဆောင်နိုင်သည်။ စိတ်လှုပ်ရှားမှုဖြစ်ပေါ်အောင်လည်းကောင်း၊ ဝယ်ယူလိုစိတ်ဖြစ်လာစေရန်လည်းကောင်း အနီရောင်၊ လိမ္မော်ရောင် စသည်တို့ကိုသုံးတတ်ကြသည်။ အထူးလျှော့ဈေးဆိုင်းဘုတ်ပြားများတွင် အရောင်ကို အနီရောင်သုံးတတ်ကြသည်။ ကလေးပစ္စည်းများ၊ ဆိုင်၏အာရုံဆွဲဆောင်လိုသည့် နေရာမျိုးနှင့် မုန့်ပဲသရေစာ ရောင်းချရခြင်းတို့တွင် အဝါရောင်ကို သုံးစွဲတတ်ကြသည်။ ယဉ်ကျေးမှုဓလေ့ ထုံးစံများ၊ အသက်အရွယ်၊ ကျား၊ မ စသည်တို့အရလည်း အရောင်နှင့်ပတ်သက်၍ အစွဲအလမ်းများရှိတတ်ကြပြီး လွှမ်းမိုးနှစ်သက်သည့် အရောင်ကိုလိုက်၍ ဝယ်ယူရာတွင် ကွဲပြားတတ်ကြသည်။

**ဈေးနှုန်းဗျူဟာခင်းခြင်း**

ဈေးဝယ်သူအများစုသည် ဈေးနှုန်းနှင့်ပတ်သက်လျှင် သက်သာသည်ကို ရွေးချယ်လိုကြသည်။ သို့ရာတွင် ဆန့်ကျင်ဘက်အနေဖြင့် ဈေးကြီးသည်ကိုမှ အရည်အသွေးကောင်းသည်၊ အခြားအမျိုးအစားတူ ပစ္စည်းများထက် ဈေးကြီးသည့်ပစ္စည်းက ပိုကောင်းသည်ဟု ထင်တတ်ကြသည်။ ထို့ကြောင့် ဈေးနှုန်းနှင့်ပတ်သက်၍ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ ငွေကျပ် ၁၀၀၀ ဈေးနှင့်မရောင်းဘဲ ၉၉၉ ကျပ်ဖြင့် ရောင်းချသည့် နည်းလမ်းသည်လည်း အလုပ်ဖြစ်တတ်သည်။ ပိုမိုသက်သာသည်ဟု ထင်မြင်စေသည်။ အခြားနည်းလမ်းတစ်ခုမှာ အခမဲ့ပေးခြင်းဖြစ်သည်။ ဤပစ္စည်းကို ဝယ်ယူပါက အခြားပစ္စည်းငယ် တစ်ခု လက်ဆောင်ပေးခြင်းမျိုးသည် တစ်ခုဝယ်ယူလျှင် နှစ်ခုရရှိသည်ဖြစ်၍ တစ်ခုကို အခမဲ့ရသည်ဟူသော သဘောဖြစ်သည်။ ထို့ပြင် တစ်ခုတည်းဝယ်လျှင် ငွေကျပ် ၂၀၀၀၊ နှစ်ခုဝယ်လျှင် ငွေကျပ် ၄၀၀၀ မပေးရဘဲ ငွေကျပ် ၃၅၀၀ ရမည်ဆိုပါကလည်း နှစ်ခုဝယ်ယူသည့်နှုန်းကို မြှင့်တက်စေသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၃၈၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၃၈၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၇၈၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၈၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲစင်းငုံဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ် သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်တောင်သူများကို ရွက်ဖြန်းမြေဩဇာ ဝယ်ယူမှုသက်သာ လျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ထို့ပြင် ကွန်ဒိုရောင်းသည့်ကုမ္ပဏီတချို့သုံးစွဲနေသည့်သင့်အတွက်သာဖြစ်သည်၊ လူဦးရေကန့်သတ်ထားသည်၊ ပရိုမိုးရှင်းချိန်တွင်သာ တိုက်ခန်းငါးခန်းသာ ဤဈေးဖြင့်ရမည် စသည့်အချက်များဖြင့် ရှားပါးသည်ဟူသောအတွေးဝင်စေပြီး အရောင်းတက်စေသည့်နည်းလမ်းမျိုးဖြစ်သည်။

အဆိုပါနည်းလမ်းများအပြင် လူကြိုက်များသောပစ္စည်းအဖြစ် ထင်မြင်စေခြင်း၊ ထင်ရှားသောမင်းသား၊ မင်းသမီး၊ ထင်ရှားသောပညာရှင်များသုံးစွဲသည်ဟု ထောက်ခံချက်များရယူပြီး ပိုမိုရောင်းချရစေရန် ဆွဲဆောင်နိုင်သည်။ ထို့ပြင် ငွေသားမလိုဘဲ Mobile Payment ဖုန်းဖြင့် ငွေချေနိုင်ခြင်း၊ အရစ်ကျ ငွေပေးချေနိုင်ခြင်း စသည့်အချက်များဖြင့်လည်း ဝယ်ယူသူ၏ ဝယ်ယူလိုစိတ်ကို မြင့်မားလာအောင် ပြုလုပ်နိုင်သည်။

ထို့ပြင် ဝယ်ယူရန်၊ ငွေချေရန် လွယ်ကူအောင်လုပ်ပေးခြင်းနည်းလမ်းဖြစ်သည့် အိမ်အရောက်ရောင်းချပေးခြင်း၊ အိမ်ရောက်မှငွေချေပါဟူသောနည်းလမ်းများဖြင့်လည်း ဝယ်ယူမှုကို မြင့်တက်အောင်ပြုလုပ်နိုင်သည်။ ထိုအချက်များအပြင် ရေရှည်တည်တံ့သည့်နည်းလမ်းများဖြစ်သည့် Loyal Customer သစ္စာရှိဖောက်သည် တိုးပွားလာစေရန် ပြုလုပ်သည့်နည်းလမ်းများသည်လည်း အရောင်းမြင့်စေနိုင်သည်။ ဥပမာ - ၁၀ကြိမ်ဝယ်လျှင် တစ်ကြိမ်လက်ဆောင်ပေးခြင်းမျိုး၊ ကားရေဆေးရာတွင် ၁၀ကြိမ်ဆေးလျှင် တစ်ကြိမ် အခမဲ့ဆေးပေးခြင်းမျိုး၊ ၁၀ကြိမ်နှင့်အထက် ဝယ်ယူသူများကို ကံစမ်းမဲများဖောက်၍ လက်ဆောင်ပေးခြင်းမျိုး၊ အရေးကြီးသောအချက်မှာ ဝယ်ယူသူများ၏ Feedback အကြံပြုချက်များကို သေချာနားထောင်ပြီး အားနည်းချက်များကို ပြုပြင်ခြင်း၊ အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းများ ပြုလုပ်ပြီးလည်း မိမိလုပ်ငန်းနှင့် ရောင်းကုန်ကို အဆင့်မြှင့်နိုင်သည်။ ဤနည်းလမ်းများတွင် Anchoring Effect သည် အများစုသုံးစွဲသည့်နည်းလမ်းတစ်ခုဖြစ်ပြီး ထိရောက်မှုရှိသဖြင့် မိမိလုပ်ငန်းတွင်လည်း သုံးစွဲနိုင်သည်။ လုပ်ငန်းရှင်ငယ်များအတွက် လုပ်ငန်းရှင်သန်ရေး၊ ရေရှည်ရပ်တည်နိုင်ရေးအတွက် အစဉ်ရုန်းကန်နေရသဖြင့် အထက်ပါနည်းလမ်းများဖြင့် ရောင်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- Anchoring Effect in life's Ziqi Lin နှင့် AI နှင့်အမေးအဖြေများ**

## လမြတ်ဝါဆို

\- လရာသီ မိုးတွေမပြတ်
ကရကဋ် ရာသီခွင်၊
ရပ်ရှစ်ခွင် မာန်ထောင်ပြိုး
မိုးပဇ္ဇုန်ရှင်၊
ပြုဗ္ဗာသာဠ်နက္ခတ် ထွန်းပကြည်လင်
ပုစွန်လုံးရပ်အသွင် ပုံထင်ပြ၊
ပန်းမျိုးစုံ ဖူးပွင့်ကြလို့
ထူးတင့်လှပ။

\- ပုန်းညက်ဖြူ ငွေရောင်ဝင်းပ
သင်းမြမြ မွှေးကြူကာ၊
မြတ်လေးရုံ ခရေပန်းတို့
ပွင့်လန်းလို့ဖြာ၊
ကျေးငှက်တို့ တေးသံသာ
လယ်ကွင်းပြင်မှာ ရေတွေဖွေး၊
မြစ်ချောင်းမှာ ရေတိုးလို့
မိုးတွေကအေး။


\- တို့မြန်မာ သဒ္ဓါဖွေးလို့
အလှူပေးသည့် လရာသီ၊
ပဉ္စင်းတော်ခံ ပွဲကျင်းပ
နွဲကြအလီလီ၊
မြတ်ဗုဒ္ဓ ဦးခိုက်ရည်
လှူဒါန်းကြသည် လူအများ၊
ထေရ်သံဃာ အကြောင်းပြု
ကောင်းမှုတွေပွား။

\- စိန္တေရှင် မြတ်ဘုရား
ထင်ရှားသည့် ရက်မြတ်ကြုံ၊
သန္ဓေ တောထွက်လို့
တိတ္ထိတို့အား တန်ခိုးပြာဋိဟာအဟုန်
ရေမီးအစုံ ပြသောနေ့၊
သုံးပါးရတနာ ပေါ်ထွန်းခဲ့သည့်
ညွှန်းဖွဲ့လပြည့်။ ။

ရွှေတိုး(ထုံးဘို)

# SCIENCE AND TECHNOLOGY

## ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးနှစ်ဦးက တီယန်ကောင်းအာကာသစခန်း ပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်



**ပေကျင်း ဇွန် ၂၈**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးနှစ်ဦးသည် ဇွန် ၂၆ ရက်တွင် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်ခဲ့ကြကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ရောက်ရှိချိန်တွင် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးနှစ်ဦးသည် အာကာသအမှိုက်ကာကွယ်ရေးစနစ်များ တပ်ဆင်ခြင်း၊ အခြားကိရိယာ အစိတ်အပိုင်းများကို စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးနှစ်ဦး အာကာသစခန်း ပြင်ပထွက်ခွာချိန်မှာ ၆ ဒသမ ၅ နာရီခန့် ကြာမြင့်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါမစ်ရှင်သည် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများအတွက် ဒုတိယအကြိမ်မြောက် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာမှုဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများသည် ၎င်းတို့၏ ပထမဆုံးအကြိမ် တီယန်ကောင်း အာကာသစခန်းပြင်ပထွက်ခွာမှုကို မေ ၂၂ ရက်တွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသစခန်း လုပ်ငန်းတာဝန်များကို ယခုနှစ် ဧပြီ ၂၄ ရက်တွင် စတင် တာဝန်ယူခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၇ စင်း လွှတ်တင်

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၇ စင်းကို ဇွန် ၂၆ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၂၇ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အကြိမ် ၂၀ မြောက်အဖြစ် ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။



လွှတ်တင်ပြီး တစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၈၀၀၀ ကျော်လွှတ်တင်ထားပြီးဖြစ်ရာ လက်ရှိအချိန်တွင် ဂြိုဟ်တုစင်းရေ ၇၈၀၀ ကျော်တို့မှာ လုပ်ငန်းလည်ပတ်ဆဲဖြစ်သည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအစင်း ၁၂၀၀၀ ထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ခွေးတစ်ကောင်အရွယ်အစားခန့်ရှိ ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထား

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ ခွေးတစ်ကောင်အရွယ်အစားခန့်ရှိ ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးကို သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

Enigmacursor Mollyborth-Wickae ဟူ၍ အမည်ပေးထားသော အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်သည် လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၁၅၀ ခန့်က စတီဂိုဆောရပ် ဒိုင်နိုဆောများ၊ ဒီပလိုဒိုးကပ်စ်ဒိုင်နိုဆောများနှင့်အတူ ရှင်သန်ကျက်စားခဲ့သည့် ဒိုင်နိုဆောမျိုးစိတ်ဖြစ်ကြောင်း သိရသည်။

Enigmacursor Mollyborth-Wickae ဒိုင်နိုဆောများသည် ၎င်းတို့ကိုယ်ခန္ဓာအရွယ်အစား၏ ထက်ဝက်နှင့် ညီမျှသည့် အမြီးကိုပိုင်ဆိုင်ထားကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း၌အခြားအရိုးအစိတ်အပိုင်းများ စုံလင်သော်လည်း ဦးခေါင်းခွံနှင့် ကျောရိုးအစိတ်အပိုင်းတချို့ ပျောက်ဆုံးနေမှုကြောင့် အဆိုပါဒိုင်နိုဆောများ၏ ကိုယ်ခန္ဓာအရွယ်အစားကို အတိအကျခန့်မှန်းရန် ခက်ခဲကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Enigmacursor Mollyborth-Wickae ဒိုင်နိုဆောများသည် ကိုယ်ခန္ဓာပေ့ါပါး၍ အပြေးမြန်သော အသီးအရွက်စား ဒိုင်နိုဆောများဖြစ်ကြကြောင်း သိရသည်။

Enigmacursor Mollyborth-Wickae ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို ကော်လိုရာဒိုပြည်နယ် မောရစ်ဆင်ကျောက်လွှာနယ်မြေ၌ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြား ကာလအတွင်း တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ လူနာများ၌ စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်

**အီဒင်ဘာ့ဂ် ဇွန် ၂၈**

ခုခံအားစနစ် ဖောက်ပြန်မှုရောဂါတစ်မျိုး ရှိနေသူများတွင် စိတ်ကျဝေဒနာကဲ့သို့ စိတ်ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်နိုင်ခြေ ပုံမှန်ထက် မြင့်မားနိုင်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

ခုခံအားစနစ် ဖောက်ပြန်မှုရောဂါလူနာများ၌ သွေးလေးဖက်နာရောဂါ၊ အူမကြီးရောင်ရမ်းမှုရောဂါ၊ ဆာရိုက်ဆစ်အရေပြားရောဂါနှင့် ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါများဖြစ်ပေါ်လာနိုင်ခြေမှာ ပုံမှန်ထက် မြင့်မားနေတတ်ကြောင်း စကော့တလန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အထူးသဖြင့် ခုခံအားစနစ် ဖောက်ပြန်မှုရောဂါ အမျိုးသမီးလူနာများမှာ အမျိုးသားလူနာများနှင့် နှိုင်းယှဉ်ပါက စိတ်ကျန်းမာရေးပြဿနာများကိုပို၍ရင်ဆိုင်ရတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ အမျိုးသားလူနာများအနက် ၂၁ ရာခိုင်နှုန်းမှာ စိတ်ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရတတ်ကြောင်း၊ သို့ရာတွင် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ အမျိုးသမီးလူနာများကြားတွင်မူ ၃၂ ရာခိုင်နှုန်းထိ စိတ်ကျန်းမာရေးပြဿနာ ခံစားကြရနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အိပ်မက်ဆိုးများ ပုံမှန်မက်တတ်သူများ၌ ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပြင်းထန်လာ

**လန်ဒန် ဇွန် ၂၈**

ညပိုင်းအိပ်စက်ချိန်အိပ်မက်ဆိုးများ ပုံမှန်မက်တတ်သူများ၌ ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပြင်းထန်လာနိုင်ကြောင်းသုတေသနပညာရှင်များက ဇွန် ၂၇ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ အိပ်မက်ဆိုးများ မကြာခဏ မက်တတ်သူများ၌ ဆဲလ်များ၏ဇီဝသက်တမ်းအိုမင်းမှုမှာ ပုံမှန်ထက် ပို၍မြန်ဆန်နေတတ်ပြီး အသက်ဆုံးရှုံးနိုင်ခြေလည်း မြင့်တက်လာကြောင်း သိရသည်။

အိပ်မက်ဆိုးများကြောင့် အိပ်ရေးပျက်ရခြင်းနှင့် အိပ်မက်ဆိုးများကြောင့် ပေါ်ထွက်လာသည့် စိတ်ဖိအားတို့၏ ဆဲလ်များအပေါ် အကျိုးသက်ရောက်မှုကြောင့် ဆဲလ်များ၏ ဇီဝသက်တမ်းအိုမင်းမှု ပိုမြန်လာခြင်း ဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုအရ ဆဲလ်များ၏ဇီဝသက်တမ်း အိုမင်းမှုမြန်လာခြင်းနှင့် ဆက်စပ်နေသော စိတ်ဖိအားဟော်မုန်းတစ်မျိုးဖြစ်သည့် ကော်တီဆောလ်ဟော်မုန်းများ မြင့်တက်ချိန် ကြာရှည်လာတတ်ကြောင်း၊ အိပ်မက်ဆိုးများကို ရိုးစင်းသည့် နည်းလမ်းဖြင့် တားဆီး၍ ဆဲလ်များ ဇီဝသက်တမ်းအိုမင်းလာမှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း သိရသည်။

သုတေသန ပညာရှင်များက ထိတ်လန့်ချောက်ချားဖွယ်ရုပ်ရှင်ကားများ ကြည့်ရှုမှုကိုရှောင်ရှားခြင်း၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်နိုင်စွမ်းကို ထိန်းထားခြင်း၊ စိတ်ဖိအားထိန်းချုပ်ခြင်း စသည့်နည်းလမ်းများဖြင့် အိပ်မက်ဆိုးများကို တားဆီးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှစတင်ပြီး အင်တာဗျူးအစီအစဉ်များ ပြောင်းလဲမည်ဟုအတည်ပြု



**လန်ဒန် ဇွန် ၂၈**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီမှစတင်ပြီး အင်တာဗျူးသည့်အစီအစဉ်များကို ပြောင်းလဲသွားမည်ဖြစ်ပြီး အစီအစဉ်သစ်များ အသုံးပြုသွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အစောပိုင်းက အင်တာဗျူးသည့် အစီအစဉ်များကို ပွဲစဉ်ပြီးဆုံးမှသာ ခြေစွမ်းပြကစားနိုင်ခဲ့သည့် ကစားသမားများနှင့် သွင်းဂိုးများ သွင်းနိုင်သည့် ကစားသမားများကိုသာ အင်တာဗျူးခဲ့ကြသော်လည်း လာမည့်ဘောလုံးရာသီမှ စတင်ပြီး အစီအစဉ်သစ်များ အသုံးပြုသွားမည်ဖြစ်သည်။

လာမည့် ဘောလုံးရာသီမှ စတင်ပြီး အင်တာဗျူးအစီအစဉ်သစ်အရ အရန်ကစားသမားများကို ပွဲချိန်အတွင်း ကွင်းဘေးတွင် အင်တာဗျူး အစီအစဉ်များကို ပြုလုပ်သွားမည့်အပြင် ပွဲချိန်ပထမပိုင်းအပြီးတွင်လည်း သက်ဆိုင်ရာကလပ်အသင်းများ၏ အဝတ်လဲခန်းများတွင် အင်တာဗျူးအစီအစဉ်တစ်ရပ်ပြုလုပ်ကာ ရုပ်သံများမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အင်တာဗျူး အစီအစဉ်တွင် အရန်ကစားသမားများကို အင်တာဗျူးခြင်းနှင့် အဝတ်လဲခန်းအတွင်း အင်တာဗျူးခြင်း စသည်တို့ကို ပြောင်းလဲသွားမည်ဖြစ်သော်လည်း ပွဲအရေအတွက်နှင့် အင်တာဗျူးအကြိမ် အရေအတွက်တို့ကို ကန့်သတ်သွားဖွယ်ရှိနေသည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်နှင့် ရုပ်သံကုမ္ပဏီများ၏သဘောတူညီမှုများအရ အင်တာဗျူးအစီအစဉ်များကို ပြောင်းလဲသွားမည့်အပြင် ရုပ်သံရိုက်ကူးသည့်အစီအစဉ်များကိုလည်း ပြောင်းလဲအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# လော့အိန်ဂျလိစ်အသင်း တိုက်စစ်မှူးဂီရော့ဒ် လိုင်လီအသင်းသို့ ပြောင်းရွှေ့

**ပဲရစ် ဇွန် ၂၈**

အမေရိကန်မေဂျာလိဂ်ကလပ် လော့အိန်ဂျလိစ်အသင်းနှင့် ပါဝင်ကစားနေသည့် တိုက်စစ်မှူး ဂီရော့ဒ်သည် အသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းခဲ့ပြီး ပြင်သစ်ကလပ် လိုင်လီအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဂီရော့ဒ်သည် ၂၀၂၄ ခုနှစ်က အေစီမီလန်အသင်းမှ လော့အိန်ဂျလိစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ခဲ့ပြီး အသင်းတွင် ပြိုင်ပွဲစုံ ၃၇ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ငါးဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသဖြင့် စာချုပ်ကုန်ဆုံးရန် ခြောက်လအလိုတွင် အသင်းနှင့် စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှုရရှိခဲ့ကာ ပြင်သစ်ကလပ် လိုင်လီအသင်းသို့ပြန်လည်ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂီရော့ဒ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက လော့အိန်ဂျလိစ် အသင်းနှင့် ဆုဖလားရယူနိုင်ခဲ့သဖြင့် လက်ရှိ ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားခွင့် ရရှိခဲ့သော်လည်း အသင်းအနေဖြင့် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် လာမည့် တနင်္ဂနွေနေ့တွင် ဗန်ကူဗာအသင်းနှင့် အမှတ်ပေးပွဲစဉ်ကို နောက်ဆုံးပါဝင်ကစားမည်ဖြစ်ပြီး လာမည့် ရက်သတ္တပတ်အတွင်း စာချုပ်ကိစ္စများဆောင်ရွက်ရန် လိုင်လီအသင်းသို့ ရောက်ရှိမည်ဖြစ်ကာ ၁၃ နှစ်အကြာမှ ပြင်သစ်မြေသို့ ပြန်လည်ခြေချမည်ဖြစ်သည်။

အသက် ၃၉ နှစ်ရှိ တိုက်စစ်မှူးသည် လာမည့် စက်တင်ဘာလမှ စတင်ကာ လိုင်လီအသင်းနှင့် နှစ်နှစ်သက်တမ်းစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သကဲ့သို့ လိုင်လီအသင်းအနေဖြင့်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့သောကြောင့် လာမည့်နှစ်တွင် ယူရိုပါလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိထားကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ယခုနှစ် နွေရာသီတွင်ကျင်းပမည့် ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲတွင် အင်္ဂလန်အသင်းအနေဖြင့် လက်ရှိချန်ပီယံဆုကို ထိန်းသိမ်းနိုင်ခြင်းမရှိပါကလည်း နည်းပြဝိုင်ဂ်မန်းအနေဖြင့် လာမည့် ၂၀၂၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲထိ အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း အက်ဖ်အေ၏ အမှုဆောင်အရာရှိ ဘူလင်ဟမ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက ဘရန့်ဖို့ဒ်တိုက်စစ်မှူး အမ်ဘူမိုကိုခေါ်ယူရန် နှစ်ဖက်သဘောတူညီမှုရခဲ့သော်လည်း ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၂ ဒသမ ၅ သန်းသာ မန်ယူအသင်းက ပေးချေမည်ဖြစ်သောကြောင့် ဘရန့်ဖို့ဒ်အသင်းက ထပ်မံငြင်းပယ်ခဲ့သည်။
- လိုင်ယွန်အသင်းအနေဖြင့် ဘဏ္ဍာရေးဥပဒေချိုးဖောက်ခဲ့မှုကြောင့် လိဂ်-၂ သို့ တန်းဆင်းရမည်ဖြစ်ပြီး တိုက်စစ်မှူး လာကာဇက်က ဆော်ဒီပရိုလိဂ်ကလပ် နီအွမ်အသင်းသို့ နှစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

**ML**

# US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟာရင်တန်၊ ဟန်စဘိုင်နှင့် စတိဝက်တို့ ပူးတွဲဦးဆောင်

**ကော်လိုရာဒို ဇွန် ၂၈**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဘရုတ်မောဂေါက်ကလပ်တွင် ကျင်းပနေသည့် US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား ဟာရင်တန်၊ ဩစတြေးလျဂေါက်သီးရိုက်ကစားသမား ဟန်စဘိုင်နှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စတိဝက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားအား ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာရင်တန်နှင့် ဟန်စဘိုင်တို့သည် ပထမနေ့အပြီးတွင် ပုံစံကောင်းပြကာ အမှတ်ပေးဇယားအား ပူးတွဲဦးဆောင်နိုင်ခဲ့ကြသူများဖြစ်ပြီး ဒုတိယနေ့တွင်လည်း ပုံစံကောင်းအား ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကြသည်။

ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမား သောမတ်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား အန်ဒရိတ်နှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ယန်ယန်းအန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီ လျော့ရိုက်ထားနိုင်ပြီး အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဟာရင်တန်က "ပထမနေ့နဲ့ ဒုတိယနေ့ နှစ်ရက်စလုံး ရလဒ်ကောင်းခဲ့တယ်။ ပြိုင်ပွဲမှာ အနိုင်ရအောင်ကစားမယ်ဆိုတဲ့ ရည်မှန်းချက်ကြောင့် ပွဲအပေါ်သချာအာရုံစိုက်နိုင်ခဲ့ပါတယ်။ လက်ကျန်နှစ်ရက်စလုံးမှာလဲ အခုလိုပဲ အကောင်းဆုံး ကစားနိုင်အောင်သေချာပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ စဝီယာတက်ခ်တက်ရောက်

**ဘတ်ဟွမ်ဘတ် ဇွန် ၂၈**

ဂျာမနီနိုင်ငံ ဘတ်ဟွမ်ဘတ်မြို့တွင်ကျင်းပနေသည့် Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာစဝီယာတက်ခ်က (၆-၁၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်အတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် မြက်ကွင်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

စဝီယာတက်ခ်သည် ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းပျောက်ဆုံးခဲ့သည့်အတွက် ကမ္ဘာ့အဆင့်ရပ်တည်ချက်မှာ အဆင့်(၈)အထိ ကျဆင်းသွားခဲ့ရပြီး ပုံစံကောင်းရနေသူ ပါအိုလီနီမှာ လက်ရှိကမ္ဘာ့အဆင့်(၄)နေရာအထိ တက်ရောက်ထားနိုင်သည့် တင်းနစ်မယ်တစ်ဦးဖြစ်သည်။

မြက်ကွင်းတွင် ကျင်းပသည့် ပြိုင်ပွဲများတွင် ဆုဖလားတစ်ကြိမ်တစ်ခါမှ ရယူဖူးခြင်းမရှိသေးသည့် စဝီယာတက်ခ်အတွက် ပထမဆုံးသော မြက်ကွင်းဆုဖလားကို ဆွတ်ခူးနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားပြီဖြစ်သည်။



စဝီယာတက်ခ်က "ဒီပွဲစဉ်မှာ ကျွန်မအနေနဲ့ အနိုင်ရလဒ်ကို လုံးဝမမျှော်လင့်ထားဘူး။ မြက်ကွင်းမှာ ရလဒ်ကောင်းလေ့မရှိတဲ့အတွက် ကျွန်မအတွက် ပြိုင်ဘက်ကလဲ ပုံစံကောင်းရနေတဲ့ပြိုင်ဘက်ဖြစ်တဲ့အတွက် အနိုင်ရလဒ်ကို လုံးဝ မျှော်လင့်မထားတာပါ။ ပါအိုလီနီနဲ့ကစားရတာ အရမ်းခက်ခဲပါတယ်"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်းသိရသည်။

**Ref : RT**

**Trs : AZL**

# WBC ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲတွင် ဒီယွန်တေ ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိ



ဝီချီတာ ဇွန် ၂၈

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်းဖြစ်သူ အမေရိကန်လက်ဝှေ့သမား ဒီယွန်တေသည် ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်လက်ဝှေ့သမား အန်တိုနီဟန်းဒွန်နှင့် ယနေ့တွင် အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် ဝီချီတာမြို့၌ ထိုးသတ်ခဲ့ရာ ဒီယွန်တေက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Boxing-scene သတင်းဌာနက ဖော်ပြခဲ့သည်။

ဒီယွန်တေသည် ကမ္ဘာ့ချန်ပီယံခါးပတ်အား ဆုံးရှုံးခဲ့ရပြီး နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးနေခဲ့သူလည်းဖြစ်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ပထမဆုံး ပြန်လည်ရရှိခဲ့သည့် နိုင်ပွဲတစ်ပွဲလည်းဖြစ်သည်။

ဒီယွန်တေအနေဖြင့် တစ်နှစ်ခွဲအတွင်း ပြိုင်ပွဲပြန်ဝင်လာခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်အား ပြန်လည် ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲများတွင် နိုင်ပွဲများ ပြန်လည်ရယူနိုင်ခဲ့ပါက ကမ္ဘာ့ချန်ပီယံအား ပြန်လည် စိန်ခေါ်ခွင့်ရရှိမည်ဖြစ်သည့်အတွက် အန်တိုနီဟန်းဒွန်အား အနိုင်ရခဲ့ခြင်းမှာ ၎င်း၏ မျှော်လင့်ချက်အတွက် အခွင့်အရေးကောင်း ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဒီယွန်တေက "အရမ်းကို အရေးပါတဲ့နိုင်ပွဲပါ။ တစ်နှစ်ခွဲကျော်မှ ကြိုးဝိုင်းအတွင်းပြန်လည်ဝင်ရောက်လာခဲ့ခြင်း ဖြစ်တဲ့အတွက် အရမ်းကို စိတ်လှုပ်ရှားမိပါတယ်။ ရလဒ်ကောင်းနဲ့အနိုင်ရခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်။ ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဒိုင်ပွဲရပ်ရလဒ်နဲ့ အနိုင်ရခဲ့တာလဲဖြစ်ပါတယ်။ ကမ္ဘာ့ချန်ပီယံကို ပြန်လည်စိန်ခေါ်နိုင်ဖို့အတွက် နိုင်ပွဲတွေလိုအပ်နေပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxingscene

Trs : AZL

# ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ပြု၊ မပြု ဆုံးဖြတ်ချက်ကို ယူအီးအက်ဖ်အေရွှေ့ဆိုင်း

လန်ဒန် ဇွန် ၂၈

ယူအီးအက်ဖ်အေ (UEFA)က ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ပြု၊ မပြု ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းခဲ့ကြောင်းသိရသည်။

ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့်(၁၂)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သော်လည်း အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် အဓိကဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာမည့် ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိမည်ဖြစ်သည်။

သို့သော် ပဲလေ့စ်အသင်းပိုင်ရှင် ဂျွန်တက်တာသည် ပြင်သစ်ကလပ် လိုင်ယွန်အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ပဲလေ့စ်အသင်းနှင့် လိုင်ယွန်အသင်းတို့သည် ကလပ်အသင်းပိုင်ရှင်တူ အသင်းများ ဖြစ်သောကြောင့် ယူအီးအက်ဖ်အေ၏ ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းနှင့် ငြိစွန်းနေသည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေ၏ ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းအရ ကလပ်အသင်း နှစ်သင်းအနေဖြင့် ပြိုင်ပွဲတစ်ခုတည်းကို ဝင်ရောက်ခွင့်ရရှိမည်မဟုတ်ဘဲ သက်ဆိုင်ရာအမှတ်ပေးပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့် ရပ်တည်မှုမြင့်မားသည့်အသင်းကသာ ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဟု ပါရှိသည့်အတွက် ပဲလေ့စ်အသင်းသည် လိုင်ယွန်အသင်းထက် အမှတ်ပေးဇယားအဆင့်ရပ်တည်မှု နိမ့်ကျနေသည့်အတွက် ပြိုင်ပွဲမှ ထုတ်ပယ်ခံရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ဂျွန်တက်တာက ပဲလေ့စ်အသင်း ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိစေရန်အတွက် အသင်းရှယ်ယာ ၄၃ ရာခိုင်နှုန်းကို New Yourk Jet Group ထံ စတာလင်ပေါင် သန်း ၁၉၀ ဖြင့်ရောင်းချရန် သဘောတူညီမှု ရရှိခဲ့ကြောင်းကို အတည်ပြုထားသော်လည်း ယူအီးအက်ဖ်အေက ပဲလေ့စ်အသင်းကို ဝင်ခွင့် ပြု၊ မပြုကို အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ပြီးဆုံးဖြတ်သွားမည် ဖြစ်သည်။

ယူအီးအက်ဖ်အေသည် အစောပိုင်းက ပဲလေ့စ်အသင်းအား ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ခွင့် ပြု၊ မပြုကို ဇွန် ၂၇ ရက်တွင် ဆုံးဖြတ်ရန် စီစဉ်ထားသော်လည်းယခုအခါ ဇွန် ၃၀ ရက်သို့ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ Ref : Fabrizio Romano

Trs : STA

# ခံစစ်ကစားသမား အလာဘာ ဒဏ်ရာဆိုးရွားနေမှုကြောင့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဟု ရီးရဲလ်ထုတ်ပြန်

မက်ဒရစ် ဇွန် ၂၈

ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား အလာဘာသည် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း နည်းပြအလွန်ဆိုက ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၃ နှစ်ရှိ ခံစစ်ကစားသမား အလာဘာသည် ပြီးခဲ့သည့် ဧပြီလက ဒူးဒဏ်ရာ ရရှိခဲ့သဖြင့် ဒဏ်ရာ သက်သာလာချိန်တွင် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် အသင်းလူစာရင်း၌ ထည့်သွင်းခဲ့ပြီး ကြံ့ခိုင်မှုအခြေအနေကြောင့် အုပ်စုပွဲစဉ်များကို ပါဝင်နိုင်မည်မဟုတ်သော်လည်း ရှုံးထွက်အဆင့်တွင် ပါဝင်ကစားနိုင်မည်ဟု နည်းပြအလွန်ဆိုက ယုံကြည်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် နည်းပြအလွန်ဆိုက လာမည့် ၁၆ သင်းရှုံးထွက်ပွဲစဉ်အဖြစ် ဂျူဗင်တပ်အသင်းနှင့်ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုနိုင်ရန် စီစဉ်ခဲ့သော်လည်း ကစားသမားအနေဖြင့် တံကောက်ကြောဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် လက်ကျန်ပွဲစဉ်များကိုပါ လွဲချော်မည်ဖြစ်ကြောင်း နည်းပြအလွန်ဆိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုက "ဒေးဗစ်အနေနဲ့ ဒဏ်ရာကပြန်လည်ကောင်းမွန်ဖို့ အချိန်ကာလကြာအုံးမှာပါ။ ဒဏ်ရာခွဲစိတ်ပြီးရင်လဲ စိတ်ရှည်ရှည်နဲ့ သတိထားစောင့်ကြည့်ရမှာဖြစ်ပါတယ်။ အသင်းအနေနဲ့ အခုပြိုင်ပွဲမှာ အဓိကကစားသမားတွေဖြစ်တဲ့ ကာဗာဂျယ်၊ မီလီတာအို၊ ကာမာဗင်ဂါ၊ မန်ဒီ၊ အန်းဒရစ်တို့ကို ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရတာပါ။ လက်ရှိမှာ ဒီကစားသမားတွေက အသင်းနဲ့ ပြန်လည်ပူးပေါင်းဖို့ အဆင်သင့်ဖြစ်နေပေမဲ့ မန်ဒီကတော့ အသင်းနဲ့ပူးပေါင်းဖို့ကြာအုံးမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Espn

Trs : ML

# အဲဗာတန်အသင်းက ဘရန့်ဝိတ်ကို ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

လန်ဒန် ဇွန် ၂၈

အဲဗာတန်အသင်းက ပရီးမီးယားလိဂ်ထိပ်တန်း အသင်းကြီးများက အလိုရှိနေသည့် အသင်းမှ လူငယ်ခံစစ်ကစားသမား ဘရန့်ဝိတ်ကို ငါးနှစ်သက်တမ်းတိုး စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဘရန့်ဝိတ်သည် အဲဗာတန်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ကာလစ်ဆီအသင်းနှင့်အတူ ၂၀၁၉ ခုနှစ်က စတင်ခဲ့သူဖြစ်ပြီး ကာလစ်ဆီအသင်းတွင် နှစ်ရာသီသာ ကစားခဲ့ပြီးနောက် အဲဗာတန်အသင်းသို့ ပြန်လည် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဘရန့်ဝိတ်သည် အဲဗာတန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သော်လည်း အသင်းတွင်ကစားခွင့် မရရှိခဲ့ဘဲ ဘလက်ဘန်းအသင်းနှင့် ပီအက်စ်ဗွီအသင်းတို့ထံ အငှား စာချုပ်များဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

ဘရန့်ဝိတ်သည် အဲဗာတန်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၃ ပွဲထိ ပါဝင်ကစားခွင့် ရရှိခဲ့ကာ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့်အတွက် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းအပါအဝင် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးအများစုက ခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြသည်။

ဘရန့်ဝိတ်သည်လည်း ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ထိပ်တန်းအသင်းကြီးများက ပစ်မှတ်ထားနေခဲ့သော်လည်း အဲဗာတန်အသင်းက ကာလရှည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# လီဗာပူးအသင်းက ပရက်စတန်ဂိုးသမား ဝုဒ်မန်းကို ခေါ်ယူခဲ့ကြောင်း ထုတ်ပြန်

လန်ဒန် ဇွန် ၂၈

လီဗာပူးအသင်းသည် ချန်ပီယံရှစ်ကလပ် ပရက်စတန်အသင်းနှင့် လာမည့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ဂိုးသမား ဝုဒ်မန်းကို တတိယဦးစားပေး ဂိုးသမားအဖြစ် အသုံးပြုနိုင်ရန် အလွတ်ပြောင်းရွှေ့ခွင့်နှင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။


အသက် ၂၈ နှစ်ရှိ ဂိုးသမား ဝုဒ်မန်းသည် နည်းပြစလော့ ဗလင်စီယာအသင်းမှ ခေါ်ယူထားသည့် ဂိုးသမား မာမာဒက်ဗီလီနှင့် ဂိုးသမား အယ်လစ်ဆန်တို့နောက်တွင် တတိယမြောက်ဦးစားပေးဂိုးသမားအဖြစ် ပါဝင်ရမည်ဖြစ်ပြီး မာမာဒက်ဗီလီသည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အသင်းသို့ပြောင်းရွှေ့ခဲ့သော်လည်း ဗလင်စီယာအသင်းသို့ တစ်ရာသီ အငှား စေလွှတ်ခဲ့သောကြောင့် လာမည့်ဇူလိုင်လတွင် အသင်းနှင့် ပူးပေါင်းမည်ဖြစ်သည်။

ဂိုးသမား ဝုဒ်မန်းသည် ကစားသမားဘဝကို နယူးကာဆယ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ပရက်စတန်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ ဘောလုံးရာသီ သုံးရာသီတွင် ပြိုင်ပွဲစုံပွဲပေါင်း ၁၃၈ ပွဲထိ ကစားခွင့်ရခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ပရက်စတန်အသင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အင်္ဂလန် ယူ-၂၁ အသင်းတွင် ရွေးချယ်ခံရကာ ပြိုင်ပွဲစုံ ခြောက်ပွဲထိ ပါဝင်ကစားပေးခဲ့ကြောင်း သိရသည်။

Ref : Liverpoolfc.com

Trs : ML

# သတ္တိကောင်းပြီး အကြောက်ကြီးတဲ့ ရွှေမန်းသူ၊ ရွှေမန်းသားတို့ရဲ့ မန်းတက္ကသိုလ်ရာပြည့်ပွဲ




**"သတ္တိဆိုတာတကယ်တော့ပညာပါ၊ လုပ်သင့်လုပ်ထိုက်တာကို အချိန်အခါနှင့်အညီသိပြီး အောင်မြင်အောင် လုပ်နိုင်စွမ်းပါ၊ မလုပ်သင့်မလုပ်ထိုက်တာကိုသိပြီး ရှောင်ရှားနိုင်ခြင်းပါ"**

**ဇော်ဂျီ**

**အမျိုးသားကဗျာစာဆို**

**နှစ်(၁၀၀)ကျော်က ရွှေမန်းသားတို့ရဲ့ သတ္တိကြီးကြောင်းပြသခဲ့သည့်ပွဲ**

ဒီနှစ် ဇူလိုင် ၄ ရက်မှာ နှစ်တစ်ရာပြည့်မဲ့ မန္တလေးတက္ကသိုလ်ဆိုတာ ရွှေမန်းသူ၊ ရွှေမန်းသားတို့ရဲ့ နှလုံးသည်းပွတ်အိမ်ပါ။ ဒီလိုပြောရတာက စာရေးသူဟာ သူတို့က မွေးဖွားလိုက်တဲ့ ရင်နှစ်သည်းချာအစစ်ဖြစ်လို့ပါ။ ရန်ကုန်တက္ကသိုလ်ကို အင်္ဂလိပ်တို့က ဖွင့်ခဲ့ပါတယ်။ ဖွင့်တဲ့ရည်ရွယ်ချက်က သူတို့ ကိုလိုနီယန္တရားလည်ပတ်ရာမှာလိုအပ်တဲ့ ပင်နယန်လေးတွေမွေးဖွားဖို့ပါ။ ဆိုလိုတာက ပဋိညာဉ်ဝန်ထမ်းဖြစ်တဲ့ စာရေး၊ စာချီ၊ မြို့အုပ်၊ ဝန်ထောက်မွေးဖို့အတွက်ပါ။ ဒါပေမဲ့ ၁၉၂၀ ပြည့်နှစ်က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားတွေက သပိတ်မှောက်ခဲ့ပါတယ်။ အဲဒီဥပဒေက ရန်ကုန်တက္ကသိုလ်အောက်မှာ ကောလိပ်တစ်ခုတည်းရှိရမယ်၊ အဲဒီကောလိပ်ကလဲ ရန်ကုန်မြို့မှာပဲရှိရမယ်ဆိုတဲ့ အချက်လဲပါတယ်။ ဒီအတိုင်းဆိုရင် အညာမြေမန္တလေးမှာ တက္ကသိုလ်ပညာဆီမီးထွန်းလင်းခွင့်မရနိုင်တော့ပါ။ ဒီအချက်ကိုသိကြတဲ့ ရွှေမန်းသူ၊ ရွှေမန်းသားတွေကလဲ မန္တလေးမှာ ကောလိပ်ကျောင်းတစ်ကျောင်းဖွင့်ပေးဖို့ တောင်းဆိုခဲ့တယ်။ အဲဒီအချိန်က မြို့မိမြို့ဖဗဟိုစည်ဦးဘဦးက နန်းရင်းဝန်အမ်အေမောင်ကြီးဆီတင်ပြခဲ့တယ်။ မန်းမြို့သူ၊ မြို့သားတွေကိုယ်စားရသေ့ကြီးဦးခန္တီ၊ ကျောက်စာဝန်တော်စိန်ခိုနဲ့ ဂျီစီဘီအေဥက္ကဋ္ဌ ဦးချစ်လှိုင်တို့ကလဲ ထောက်ခံခဲ့တယ်။ ရိုးရိုးတောင်းဆိုခဲ့တာမဟုတ်ဘဲ ထက်သန်တဲ့စေတနာအဟုန်နဲ့ပါ။ ကျောင်းဆောက်လုပ်ရာမှာ ကုန်ကျမဲ့ငွေကို ရွှေမန်းသူ၊ ရွှေမန်းသားတွေက လှူဒါန်းမယ်ဆိုတာလဲ ပါဝင်တယ်။ ဒါကြောင့် ၁၉၂၄ ခုနှစ်ဥပဒေပြုကောင်စီမှာ နန်းရင်းဝန်က ဥပဒေကိုပြင်ပေးခဲ့တယ်။ ကိုလိုနီအစိုးရရဲ့ အညာမှာ တက္ကသိုလ်ပညာဆီမီး ထွန်းလင်းခွင့်မရတာကို သိမြင်ပြီး ငါတို့ထွန်းလင်းအောင်လုပ်မယ်ဆိုတဲ့ လုပ်သင့်၊ လုပ်ထိုက်တာကိုသိတဲ့ ပညာဗဟိုပြုတဲ့သတ္တိနဲ့ တောင်းဆိုခဲ့ကြတာပါ။ ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်မှာ မန္တလေးဥပစာကောလိပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့တယ်။ ရွှေညာသူ၊ ရွှေညာသားနဲ့ တောင်ပေါ်နေတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ တက္ကသိုလ်ပညာရေးကို ဆည်းပူးနိုင်တဲ့အခွင့်အရေးရဖို့ပါ။ ကုသိုလ်စိတ်အရင်းခံမို့ ဥပစာကောလိပ်ဟာ ရွှေမန်းသားတို့ရဲ့ နှလုံးသည်းပွတ်အိမ်လို့ ဆိုရတာပါ။

**နှစ် ၉၀ အကျော်က ရွှေမန်းသားတို့ကို သတ္တိအားစမ်းပွဲ**

**"ပညာရေးရဲ့အမြတ်ကို ကုန်သည်ပွဲစားလိုကျပ်၊ ပဲ၊ ပိုင်နဲ့တွက်၍မရ၊ ဉာဏ်ပညာထွန်းလင်းခြင်း၊ လိမ္မာရေးခြားရှိခြင်းနှင့် အသိဉာဏ်ကြွယ်ဝခြင်းသည်သာ အမြတ်ဖြစ်ပေသည်"**

**ဦးသန့်(ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်)**

အထက်ပါပညာသိ သိသူတွေသာ ခံစားခွင့်ရတဲ့ "အမြတ်အရသာ"ကို ရွှေမန်းသူ၊ ရွှေမန်းသားတို့ စားသုံးခဲ့ကြသည်မှာ နှစ်ပေါင်း ၉၀ ကျော်ခဲ့ပေပြီ။ ၁၉၃၀-၁၉၃၁ ခုနှစ်က မန်းရွှေမြို့သူ၊ မြို့သားတို့ရဲ့ နှလုံးအိမ်ဖြစ်တဲ့"ဥပစာကောလိပ်"ကို ပိတ်သိမ်းဖို့ လွှတ်တော်မှာရွှေတောင်ကြားပါတီက အဆိုတင်သွင်းခဲ့တယ်။ ကျောင်းသားနည်းပြီး ကုန်ကျစရိတ်များတာကြောင့် တွက်ခြေမကိုက်ဆိုပြီး အကြောင်းပြချက်ပေးတယ်။ ဦးသန့်ရဲ့ပညာသိအမြင်မျိုးမဟုတ်။ ပညာရေးအမြင်လဲကင်းတယ်။ အသပြာဗဟိုပြုကုန်သည်ပွဲစားအမြင်လောက်နဲ့ တင်သွင်းတာဖြစ်တယ်။ ပညာသိသိကြပြီး ပညာရေးအမြင်ကြွယ်ကြတဲ့ မန္တလေးသားတွေက အညာတစ်လွှားပညာရှင်၊ တက္ကသိုလ်ဆင်းပညာတတ်ပေါကြွယ်ဝတာက အမြတ်လို့မြင်တယ်။ ဒါကြောင့် မြို့မိမြို့ဖများ မန္တလေးရဟန်းပျိုများသမဂ္ဂဈေးချိုတော်ရဲ့ပံ့ပိုးကူညီမှုနဲ့ ကျောင်းသားခေါင်းဆောင်တွေဖြစ်ကြတဲ့ ကိုခင်မောင်ကလေး(နောင်ပြည်ထဲရေးဝန်ကြီး)၊ ကိုသိန်းဖေ(သိန်းဖေမြင့်)တို့ဦးဆောင်ပြီး သပိတ်မှောက်ခဲ့ကြတယ်။ ဆရာကြီးဦးရာဇတ်ရဲ့ နည်းပေးလမ်းပြကူညီမှုနဲ့ဆက်ဖွင့်နိုင်ခဲ့တယ်။ ဒါဟာ **"ရှင်သန်ဆဲတက္ကသိုလ်အလောင်းအလျာပင်ပျိုကိုခုတ်လှဲတာက သတ္တိရှိသူတို့ရဲ့လုပ်ရပ်မဟုတ်ဘဲ အသီးအပွင့်ဝေဆာအောင် ဆက်လက်ပြုစုပျိုးထောင်တာကသာ ပညာသိကိုအခြေခံတဲ့ သတ္တိရှိတဲ့လုပ်ရပ်**"လို့မြင်ပြီး ပညာရေးအမြော်အမြင်ကြီးခဲ့ကြ၊ လုပ်သင့်လုပ်ထိုက်တာကိုလုပ်ခဲ့ကြလို့ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ်လက်အောက်ခံ ဥပစာကောလိပ်လေးဟာ နိုင်ငံတကာနဲ့ချိတ်ဆက်နိုင်တဲ့၊ သီးခြားလွတ်လပ်တဲ့ မန်းတက္ကသိုလ်အဖြစ် နှစ်တစ်ရာတိုင်အောင် ရှင်သန်နိုင်ခဲ့တာပါ။

**လွတ်လပ်ရေးမရခင်က မန်းသားတို့ရဲ့ "သတ္တိကြီးကြကြောင်း" သမိုင်းတင်ပွဲ**

စစ်ပြီးခေတ်မှာ ငွေ၊ အဆောက်အအုံ၊ ပရိဘောဂမပါဘဲ တက္ကသိုလ်ဖွင့်လှစ်ဖို့ မန္တလေးသို့ ဆရာကြီးဦးကိုလေးကို ဝန်ကြီးဦးရာဇတ်က စေလွှတ်ခဲ့ပါတယ်။ စားပွဲ၊ ကုလားထိုင်၊ ကျောက်သင်ပုန်း၊ စာသင်ခုံ၊ အဆောင်မှာ ခုတင်၊ အိပ်ရာတွေကင်းမဲ့တဲ့ ကျောင်းအုပ်ကြီးအဖြစ် လာခဲ့တာပါ။ စစ်အတွင်း စစ်ဆေးရုံအဖြစ်အသုံးပြုခဲ့လို့ဆေးနဲ့လူနာအနံ့တွေလွှမ်းနေတဲ့ မန္တလေးကောလိပ်ကို ပညာရနံ့သင်းထုံပျံ့တဲ့ ပညာ့ပရိဝုဏ်အဖြစ် ပြုပြင်ရပါတော့တယ်။ ဗလာနတ္ထိကျောင်းကို ပညာပါရမီ၊ စေတနာ၊ သဒ္ဓါတရားကြီးမားတဲ့ ရွှေမန်းသား၊ ရွှေမန်းသူ မြို့မိမြို့ဖတွေကို ၁၉၄၇ ခုနှစ် မေလ ၃၀ ရက်နေ့မှာဖိတ်ကြားပြီး ပြန်အပ်ခဲ့ပါတယ်။ ပြီးနောက် စာသင်ခုံ၊ ကျောက်သင်ပုန်း၊ အဆောင်တွေအတွက် ခုတင်၊ စားပွဲ၊ ကုလားထိုင်အမြန်လိုချင်ပါတယ်။ တက္ကသိုလ်ကြီး ပြန်ဖွင့်ချင်လို့ပါ။ အခုတော့ ငွေတစ်ပြားမှမရှိပါ။ အဆင်ပြေတဲ့နေ့ပြန်လည်ပေးဆပ်ပါ့မယ်ပြောတော့ မန်းမြို့သားတွေ အထူးသဖြင့် ဦးစံလှဘော်(ပိုက်ကျုံး)၊ ဦးခ၊ ဦးကြွယ်၊ ဦးသက်နောင်တို့ဦးဆောင်ပြီး ဖြည့်ဆည်းပေးခဲ့ကြပါတယ်။ မြို့ထဲလဲ အလှူခံထွက်ခဲ့ကြပါတယ်။ ဒီလိုနဲ့ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၇ ရက်မှာ စစ်ပြီးခေတ် မန္တလေးကောလိပ်ကို အောင်မြင်စွာပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အညာတစ်လွှားနဲ့ တောင်ပေါ်ဒေသတွေမှာ ပညာရှင်၊ ပညာတတ်တွေ ပေါကြွယ်ဝဖို့ ငါတို့မန္တလေးသားတွေ လုပ်ပေးမှဖြစ်မယ်ဆိုတဲ့အသိကြောင့် တက္ကသိုလ်ကျောင်းကြီး အမြန်ပြန်လည်ပေါ်ထွန်းလာတာပါ။

**နိုင်ငံတကာအဆင့်မီဖို့အတွက် တက္ကသိုလ်ရဲ့ ခြေလှမ်းများ**

မြို့မိမြို့ဖတွေရဲ့ ပညာပါရမီဖြည့်ဆည်းမှုကြောင့် ပေါ်ထွန်းလာတဲ့ စစ်ပြီးခေတ် မန္တလေးကောလိပ်ဟာ ဒီနေ့ဆို မန္တလေးတက္ကသိုလ်အဆင့်အဖြစ် ကြွားကြွားဝင့်ဝင့်ရပ်တည်ခဲ့ပါပြီ။ အညာတစ်လွှားမှာ ပညာရှင်၊ ပညာတတ်၊ ခေါင်းဆောင်အမွန်အမြတ်တွေ များစွာမွေးထုတ်ပေးခဲ့ပြီးပါပြီ။ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်ခဲ့တာပင် ဆယ်စုနှစ်သုံးခုဆီသို့ ချဉ်းနင်းဝင်ရောက်နေပါပြီ။ ကမ္ဘာ့တက္ကသိုလ်အသီးသီးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့တာ စုစုပေါင်း ၃၀ ခန့်ရှိခဲ့ပါပြီ။ ဒီနေ့အချိန်အခါမှာ နိုင်ငံတကာ အတွေ့အကြုံရဖို့ MoU လက်မှတ်ရေးထိုးထားတဲ့ ကမ္ဘာ့တက္ကသိုလ်အသီးသီးက ပညာရှင်များဝင်ထွက်ပြီး ပညာချင်းဖလှယ်ပို့ချနိုင်မှုကြောင့် ပြည်တွင်းက ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေဟာ နိုင်ငံတကာပညာရှင်တွေရဲ့ အတွေ့အကြုံတွေကို အဆင့်မြင့်မြင့်ရရှိခဲ့တယ်။ အဲဒီလိုပဲ MoU လက်မှတ်ရေးထိုးထားတဲ့တက္ကသိုလ်တွေဆီ သွားရောက်လေ့လာဆည်းပူးခွင့်ရတာမို့ နိုင်ငံတကာပညာရပ်နဲ့ အတွေ့အကြုံတွေရရှိလာပါတယ်။ ဒါကတော့ မန္တလေးတက္ကသိုလ်ရဲ့ သင်ကြား၊ သင်ယူမှုနဲ့ သုတေသနတွေကို ကမ္ဘာ့တန်းဝင်တက္ကသိုလ်အတွင်း ဝင်ဆံ့ဖို့ခြေလှမ်းတွေဖြစ်ပါတယ်။ ပညာရှင်နဲ့ ကျောင်းသား၊ ကျောင်းသူ အပြန်အလှန်စေလွှတ်မှုတွေ၊ နိုင်ငံတကာနီးနှောဖလှယ်ပွဲတွေ ကျင်းပနိုင်ခဲ့ပါပြီ။ ကမ္ဘာ့အဆင့်မီတက္ကသိုလ်ဆီသို့ တက်လှမ်းနေပါပြီ။ ဒါပေမဲ့လဲ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် မြို့မိမြို့ဖတွေရဲ့ အားပေးမှုပံ့ပိုးမှုတွေ မြို့မိမြို့ဖရဲ့ရင်ခွင်က ကင်းကွာခဲ့တာ နှစ်ပေါင်း ၇၀ တိုင်ခဲ့ပါပြီ။ ကျောင်းသား၊ ကျောင်းသူ၊ မြို့မိမြို့ဖတွေရဲ့ မန္တလေးတက္ကသိုလ်ရှိဆရာသမားများအပေါ်ထားတဲ့ ကျေးဇူးသိတတ်မှုကတော့မနည်းကြောင်း အာစရိယပူဇော်ပွဲတွေက သက်သေခံနေတယ်။

ဒီနေ့တက္ကသိုလ်တွေရဲ့ ခေတ်မီအယူအဆမှာ ပညာသင်ကြားရာ၊ ပညာအသစ်အဆန်းရှာဖွေရာ၊ ပညာဆွေးနွေးရာနေရာသက်သက်အဖြစ် မလုံလောက်တော့ပါ။ **ကိုယ့်ပတ်ဝန်းကျင်ဖွံ့ဖြိုးမှုကို တက္ကသိုလ်က ဘယ်လောက်ထိ အကျိုးပြုသလဲနဲ့ ပတ်ဝန်းကျင်ကလဲ တက္ကသိုလ်တိုးတက်ဖွံ့ဖြိုးရေးအပေါ် ဘယ်လောက်ပံ့ပိုးသလဲဆိုတဲ့** အချက်တွေပါဝင်လာပါပြီ။ အဲဒီနှစ်ချက်မပြည့်စုံရင် ကမ္ဘာ့အဆင့်အတန်းဝင် တက္ကသိုလ်မဟုတ်သေးပါ။ မန္တလေးတက္ကသိုလ်ရဲ့အစက မြို့မိမြို့ဖရဲ့ ပညာပါရမီပံ့ပိုးမှုနဲ့ ဖွင့်ခဲ့တာဆိုတော့ အဲဒီကောင်းမြတ်တဲ့အစဉ်အလာကို ပြန်လည်ဖွံ့ဖြိုးဖို့လိုပါပြီ။ တက္ကသိုလ်အနေနဲ့လဲ သမားရိုးကျ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်တွေအပြင် ခေတ်စနစ်နဲ့ မိမိပတ်ဝန်းကျင်က တောင်းဆိုတဲ့ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့၊ စီးပွားရေးဥပဒေဒီပလိုမာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့နဲ့ နိုင်ငံရေးသိပ္ပံသင်တန်းတွေကိုပါ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကိုယ့်ဒေသရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် နိုင်ငံရေးအခြေအနေတွေမြင့်မားလာစေဖို့ ဦးဆောင်သူ ပညာတတ်များမွေးထုတ်ဖို့ရည်ရွယ်ပြီး မန္တလေးတက္ကသိုလ်အနေနဲ့ ပြန်လည်အကျိုးပြုတာပါ။

**နှစ်(၆၀)ကျော်က သတ္တိရှင်တို့ရဲ့ ပညာရည်ချွန်ရွှေတံဆိပ်ဆု**

မန္တလေးတက္ကသိုလ်ကြီးကို ရွှေမန်းသား၊ ရွှေမန်းသူတွေက အခုလို ကျောင်းတော်ကြီးကို ရှင်သန်လာအောင်သာမက ဝိဇ္ဇာ၊ သိပ္ပံပညာထူးချွန်ထက်မြက်သူအညာသား၊ အညာသူ ပညာရှင်လောင်းတွေကိုလဲ ရွှေတံဆိပ်ဆုတွေ ချီးမြှင့်ဂုဏ်ပြုခဲ့ပါသေးတယ်။ ၎င်းတို့မှာ-

(၁) ပထမကောင်စီလူကြီးများ ပညာချွန်ဆု (သိပ္ပံ၊ သင်္ချာနှင့် ရူပဗေဒ)

(၂) အမ်အေဒေါ်အုန်းပညာချွန်ဆု (ဝိဇ္ဇာ၊ ပါဠိဘာသာ)

(၃) ဦးဘရိုန်းပညာချွန်ဆု (သိပ္ပံ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ)

(၄) ဒေါက်တာထွန်းရွှေ+တင်တင်ဦး ပညာချွန်ဆု (ဆေးပညာသိပ္ပံ)

(၅) ရတနာပုံဆပ်ပြာကုမ္ပဏီ ပညာချွန်ဆု (သိပ္ပံ၊ ဓာတုဗေဒ)

(၆) သရဖူဘီစကွတ်စက်မှုကုမ္ပဏီ ပညာချွန်ဆု (ဝိဇ္ဇာ၊ ရာဇဝင်)

(၇) လူထုဦးလှ- ဒေါ်အမာ မြန်မာစာပေ ပညာချွန်ဆု

(၈) ဦးပန်းရီပညာချွန်ဆု (ဝိဇ္ဇာ၊ ပါဠိ)

(၉) ဦးနက်ပညာချွန်ဆု (သိပ္ပံ၊ သင်္ချာ)

(၁၀) ဦးသိန်းတန်ပညာချွန်ဆု(ဝိဇ္ဇာ၊ ဘာသာရပ်ဖော်ပြမထား)စတာတွေဖြစ်ပါတယ်။

ဒီဆုတွေကို ၁၉၆၂-၁၉၆၃ ခုနှစ် ဘွဲ့နှင်းသဘင်မှာပေးအပ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဆက်ပြီးချီးမြှင့်ခဲ့တယ်လို့ မှတ်တမ်းတွေမရှိခဲ့ပါ။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတဲ့ ပညာသင်ဆုတွေဖြစ်ဖို့ လိုပါတယ်။ မြို့မိမြို့ဖတွေ ပြန်လည်ပံ့ပိုးဖို့လိုပါပြီ။

**❖မြို့မိမြို့ဖတွေရဲ့ ပညာပါရမီဖြည့်ဆည်းမှုကြောင့် ပေါ်ထွန်းလာတဲ့ စစ်ပြီးခေတ်မန္တလေးကောလိပ်ဟာ ဒီနေ့ဆို မန္တလေးတက္ကသိုလ်အဆင့်အဖြစ် ကြွားကြွားဝင့်ဝင့်ရပ်တည်ခဲ့ပါပြီ။ အညာတစ်လွှားမှာ ပညာရှင်၊ ပညာတတ်၊ ခေါင်းဆောင်အမွန်အမြတ်တွေ များစွာမွေးထုတ်ပေးခဲ့ပြီးပါပြီ။ ပါရဂူဘွဲ့သင်တန်းဖွင့်လှစ်ခဲ့တာပင် ဆယ်စုနှစ်သုံးခုဆီသို့ ချဉ်းနင်းဝင်ရောက်နေပါပြီ။ ကမ္ဘာ့တက္ကသိုလ်အသီးသီးနှင့် နားလည်မှုစာချွန်လွှာလက်မှတ် ရေးထိုးခဲ့တာ စုစုပေါင်း ၃၀ ခန့်ရှိခဲ့ပါပြီ။ ❖**

ဆက်လက်ဖော်ပြပါမည်။

**ဒေါက်တာမောင်သင်း**

**ပါမောက္ခချုပ်(ငြိမ်း) မန္တလေးတက္ကသိုလ်**

# ဂေါ်ငါးကြီးတို့ရွာသာရွာ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ



ရန်ကုန် ဇွန် ၂၈

HEY Play Application၊ HEY Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသနေသည့် ဂေါ်ငါးကြီးတို့ ရွာသာရွာ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zaelax Hotel တွင် ဇွန် ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာခင်လှိုင် (ဥက္ကဋ္ဌကြီးရှင်) ထံမှ သိရသည်။

ဂေါ်ငါးကြီးတို့ ရွာသာရွာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ကျော်ကျော်ဗိုက ရေးသားထားပြီး သက်ဦးမောင်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ခင်လှိုင် (ဥက္ကဋ္ဌကြီးရှင်) နှင့် တွဲဖက်ဒါရိုက်တာ မိုးမိုးတို့က တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဂေါ်ငါးကြီးတို့ဆိုတဲ့အတိုင်းလေးပဲ ကျော်ကျော်ဗိုက ရှေ့မှာ ဗီဒီယိုအနေနဲ့ ပုံဖော်ခဲ့တာရှိဖူးတယ်။ ဇာတ်လမ်းတွဲအနေနဲ့ ပုံဖော်ချင်တာမို့ ပြန်လည်ရိုက်ကူးဖြစ်ခဲ့တာပါ။ အဓိက ဟာသကို ဖောင်းပေးထားတဲ့ ဇာတ်လမ်းလေးပါ။ ကျွန်တော်က ဇာတ်လမ်းတွဲပိုင်းမှာ အားနည်းပါတယ်။ ရုပ်ရှင်ကားကြီး တစ်ကားစာကို ရိုက်တတ်တာပါ။ ဒီဇာတ်လမ်းကို အချိတ်အဆက်လေးတွေရှိအောင်တော့ ချိတ်ဆက်ထားပါတယ်။ အပိုင်း ၁၁ ပိုင်းပါဝင်ပါတယ်" ဟု ဒါရိုက်တာ ခင်လှိုင် (ဥက္ကဋ္ဌကြီးရှင်) က ပြောပြသည်။

ဂေါ်ငါးကြီးတို့ ရွာသာရွာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ဦးရွှေအိုး၊ သွက်လက်၊ အိချောပို၊ စိုးမိုးကြည်၊ ဝါဝါအောင်၊ ဂွမ်းပုံကြီးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း ဒါရိုက်တာ ခင်လှိုင် (ဥက္ကဋ္ဌကြီးရှင်) က ပြောပြ၍ သိရသည်။

ASH

# El Tigre ဟာသ ရုပ်ရှင်ဇာတ်ကား၌ မင်းသား တွမ်ဆီဂူရာ ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၂၈

Double Down Pictures ရုပ်ရှင်ကုမ္ပဏီ၏ El Tigre အမည်ရှိ ဟာသဇာတ်ကား၌ ဟာသမင်းသား တွမ်ဆီဂူရာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

El Tigre ဇာတ်ကားသည် မက္ကဆီကိုနိုင်ငံသို့ သွားရောက်စဉ် မူးယစ်ဂိုဏ်းများ၏ အရှုပ်တော်ပုံထဲ၌ ဘုမသိဘမသိ ပါဝင်ခဲ့ရသူ မိတ်ဆွေတစ်စုတို့၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

El Tigre ဇာတ်ကားကို ဒါရိုက်တာ တေလာကော်နက်က ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အေရွန်ဘက်ဘောင်းနှင့် တက်ဒီရိုင်လေတို့က ရေးသားပေးထားသည်။

El Tigre ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို နယူးမက္ကဆီကိုပြည်နယ်၌ ယခုနှစ် နွေရာသီအတွင်း စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

El Tigre ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Double Down Pictures ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် စိုင်းအောင်ထီးခမ်းနှင့် ဆိုင်စံတို့၏ ချယ်ရီကိုသာပန်ပါကွယ်တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ပြုလုပ်မည်ဖြစ်




ရန်ကုန် ဇွန် ၂၈

တေးသံရှင်စိုင်းအောင်ထီးခမ်းနှင့် ဆိုင်စံတို့၏ ချယ်ရီကိုသာပန်ပါကွယ် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ ဇူလိုင် ၅ ရက်တွင် Live Music Show အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဆိုင်စံကပြောပြ၍ သိရသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Immortal Music Band တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆိုင်စံရဲ့ဖေဖေ သီဆိုခဲ့တဲ့ တေးသီချင်း တော်တော်များများကို ဦးကြီးဖြစ်တဲ့ စိုင်းအောင်ထီးခမ်းနဲ့အတူ အမှတ်တရ ပြန်လည်သီဆိုသွားမှာဖြစ်ပါတယ်။ ဖေဖေ့ရဲ့ပရိသတ်တွေအတွက် အလွမ်းပြေစေမဲ့အမှတ်တရညဖြစ်မှာပါ" ဟု တေးသံရှင် ဆိုင်စံက ပြောပြသည်။

တေးသံရှင်စိုင်းအောင်ထီးခမ်းနှင့် ဆိုင်စံတို့၏ Live Music Show တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden Hotel တွင် ဇူလိုင် ၅ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Stand ဇာတ်ကားကို ဒေါက်ဂလပ်လီမင်းက တာဝန်ယူရိုက်ကူးမည်

နယူးယောက် ဇွန် ၂၈

Paramount ရုပ်ရှင်ကုမ္ပဏီအတွက် The Stand အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ဒေါက်ဂလပ်လီမင်းက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း ဇွန် ၂၇ ရက် သတင်းများအရ သိရသည်။

ထို့ပြင် ဒါရိုက်တာ ဒေါက်ဂလပ်လီမင်းသည် The Stand ဇာတ်ကား၏ ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။


The Stand ဇာတ်ကားအတွက် ဇာတ်ညွှန်း ရေးသားပေးမည့် ဇာတ်ညွှန်းရေးဆရာကို Paramount ကုမ္ပဏီက ရွေးချယ်ရသေးခြင်းမရှိကြောင်း သိရသည်။

The Stand ဝတ္ထုသည် စာရေးဆရာ စတီဖင်ကင်း၏ အပြောင်မြောက်ဆုံး လက်ရာများထဲတွင် ပါဝင်ပြီး ကပ်ဘေးကြီးတစ်ခု ပေါ်ပေါက်ခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သည့် လူသားအုပ်စုနှစ်ခုကြား တိုက်ပွဲအကြောင်း ရေးဖွဲ့ထားသည့်ဝတ္ထုဖြစ်ကြောင်း သိရသည်။

The Stand ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များနှင့် ရိုက်ကူးထုတ်လုပ်မည့် ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# မောင့်မိဖုရားရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လတွင် ရန်ကုန်မြို့၌ ဇာတ်အိမ်တည်ရိုက်ကူးသွားမည်

ရန်ကုန် ဇွန် ၂၈

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်မည့် မောင့်မိဖုရား ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လတွင် ရန်ကုန်မြို့၌ ဇာတ်အိမ်တည် ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါ မောင့်မိဖုရား ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာ မယ်မင်းဘုံထံမှ သိရသည်။

မောင့်မိဖုရား ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားကာ အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မယ်မင်းဘုံကပင် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားရဲ့ ဝတ္ထုဇာတ်လမ်းကတော့ ဘုရားဟောဇာတ်တော်တွေထဲက တစ်ခုကို မှီငြမ်းပြီး ဒီနေ့ခေတ်ပုံစံနဲ့ ရိုက်ကူးမဲ့ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားမှာတော့ သမီးဆိုးနဲ့ လောင်းမှာ ပရိသတ်တွေ နှစ်ခြိုက်အားရခဲ့ကြတဲ့ တိုင်ရွှန်းကို နောက်ထပ် Next level တစ်ခုကို ရောက်စေမဲ့ ကာရိုက်တာမျိုးနဲ့ မြင်ရမှာဖြစ်ပြီး အပြင်းစားအိမ်ထောင်ရေးဒရာမာရုပ်ရှင်စစ်စစ် မဆုံတာကြာပြီဖြစ်တဲ့ ယုသန္တာတင်နဲ့ ရတနာဗို မင်းသမီးနှစ်ယောက်ရဲ့ ထိထိမိမိအားပြိုင်မှု အကြမ်းစားဇာတ်ကားဖြစ်ပါတယ်။ တိုင်ရွှန်း၊ ယုသန္တာတင်၊ ရတနာဗိုတို့ သူတို့သုံးယောက်ကြားထဲကနေ စတင်ပေါက်ဖွားလာတဲ့ မောင့်မိဖုရားရုပ်ရှင်ဇာတ်ကားထဲမှာ သရုပ်ဆောင် ခိုင်နှင်းဝေကို မမြင်ဖူးတဲ့ ကာရိုက်တာနဲ့ မြင်ရမှာဖြစ်သလို ဗညားဘုန်းပြည့်ကိုလဲ ဒီဇာတ်ကားမှာ စိတ်ဝင်စားစရာဇာတ်ကောင်စရိုက်နဲ့ မြင်ရအုံးမှာပါ" ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

အဆိုပါ မောင့်မိဖုရား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်း၊ ဗညားဘုန်းပြည့်၊ ယုသန္တာတင်၊ ရတနာဗို၊ ခိုင်နှင်းဝေနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# High-level Myanmar Delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing leaves the Republic of Belarus, arrives in Ulan-Ude, Republic of Buryatia in Russian Federation


Senior General Min Aung Hlaing being seen off at Minsk International Airport.



Senior General Min Aung Hlaing leaves the Republic of Belarus.

**Nay Pyi Taw June 28**

The high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, which had attended the fourth Eurasian Economic Forum - EEF 2025 in Minsk in the Republic of Belarus, left Minsk International Airport in the Republic of Belarus for Ulan-Ude in the Republic of Buryatia at the invitation of Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov this morning.

The high-level delegation led by the Senior General was seen off at the airport by Deputy Prime Minister Mr. Yuri Shuleiko and Deputy Foreign Minister (1) Mr. Lukashevich Sergey Vladimirovich of the Republic of Belarus, Myanmar Consul General to the Republic of Belarus U Moe Kyaw Thu and officials.

Then, the high-level delegation led by the Senior General and wife Daw Kyu Kyu Hla arrived at the Baikal International Airport in Ulan-Ude, the Republic of Buryatia in the evening and was warmly greeted by Head of the Republic of Buryatia H.E.Mr. Alexey Sambuevich Tsydenov and officials and local residents in accordance with traditional customs. 100


**Senior General Min Aung Hlaing and Daw Kyu Kyu Hla being welcomed at the Baikal International Airport in Ulan-Ude, the Republic of Buryatia.**

# Bogale Township ships up to 70,000 visses of soft-shelled crabs to Yangon in May

**Bogale June 28**

Up to 70,000 visses of soft-shelled crabs from Bogale Township, Ayeyawady Region, were transported to Yangon market in May, said Daw Thu Thu Win, a fishery products owner in Bogale Township.

Bogale Township shipped only 50,000 visses of soft-shelled crabs to the Yangon market in April, and from May 1 to 31, 70,000 visses of soft-shelled crabs were transported in a month.

"The Yangon market has bought more soft-shelled crabs than before. We have shipped 70,000 visses of soft-shelled crabs compared to last month. There has been a lot of sale to the Yangon market, but the soft-shelled crab market is currently stable. The soft-shelled crabs from this side are mainly shipped to the Yangon market," she said.

The price of soft-shelled crabs exported from Bogale Township ranges from 17,500 to 35,000 kyats per viss. The regular trade in these crabs is making a profit for fishermen, sole traders, wholesale dealers, traders, and truck rental operators. KKL


Soft-shelled crabs in a tray.

# Roundup: DR Congo, Rwanda sign peace deal to end regional bloody turmoil

**Kinshasa June 28**

The Democratic Republic of the Congo (DRC) and Rwanda signed a historic peace agreement in Washington on Friday, marking a turning point in efforts to end years of armed conflict and humanitarian crisis in Africa's Great Lakes region.

The signing ceremony was held at the U.S. State Department in the presence of U.S. Secretary of State Marco Rubio, along with the foreign ministers of Rwanda and the DRC. Representatives from Angola, Togo, Qatar, and the African Union also attended the ceremony.

"With this peace agreement, we open a new chapter, one that calls not only for commitment, but for the courage to see it through," said DRC Foreign Minister Therese Wagner.

Rwandan Foreign Minister Olivier Nduhungirehe struck a cautious tone.

"We must acknowledge that there is a great deal of uncertainty in our region, and beyond, because many previous agreements have not been implemented," he said. "And there is no doubt that the road ahead will not be easy."

Xinhua

# High-level Myanmar delegation led by SAC Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla hosted dinner by the Head of the Republic of Buryatia



Senior General Min Aung Hlaing and Daw Kyu Kyu Hla being hosted dinner in their honour by Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov.

**Nay Pyi Taw June 28**

The high-level Myanmar delegation led by State Administration Council Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla who are on the official visit to the Republic of Buryatia of the Russian Federation was hosted a dinner in their honour by Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov, this evening.

On arrival at the venue for dinner, the high-level Myanmar delegation led by SAC Chairman Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla were warmly welcomed by the Head of the Republic of Buryatia and officials.

At the dinner, the Head of the Republic of Buryatia extended greetings. He said that he warmly welcomed the high-level Myanmar delegation led by His Excellency Chairman of the State Administration Council and Prime Minister of the State to the Republic of Buryatia. Although both countries are geographically distant, they feel a deep sense of closeness. They also share the same religious faith, and based on these common spiritual values, they have been strengthening our cooperation in social and economic sectors. He is greatly honoured and delighted by the visit of the His Excellency to Buryatia.

In his speech, the Senior General also extended greetings. He said that now is his third visit to the beautiful and peaceful Republic of Buryatia, and each time he has arrived there, he feels a deep sense of tranquility. As a region where the majority of people practise Buddhism, Buryatia shares a strong spiritual and cultural connection with Myanmar. Religious exchanges between the two countries began in 2015 and have now lasted nearly a decade.

In addition to religious relations, both countries have also been cooperating in areas such as science and technology, industrial technology, and various other sectors. He expressed his firm belief that these collaborative efforts will continue to grow and strengthen in the future. Myanmar will continue to cooperate with the Russian Federation, including the Republic of Buryatia, in various sectors such as economy, healthcare, education, trade, and others. The Senior General extended his best wishes for the continued health, prosperity, and well-being of the Head of the Republic of Buryatia, as well as all the people of the region.



Senior General Min Aung Hlaing exchanges gifts with Head of the Republic of Buryatia H.E. Mr. Alexey Sambuevich Tsydenov.

The Senior General, his wife and entourage had the dinner together with the Head of the Republic of Buryatia and officials.

During the dinner, traditional dance troupes from the National Theatre of the Republic of Buryatia presented songs and dances.

After the dinner, the Senior General and the Head of the Republic of Buryatia as well as the wife of the Senior General and the wife of the Head of the Republic of Buryatia exchanged gifts. The Senior General presented cash awards and gifts to the traditional dance troupe from the National Theatre. 100

# More than 5,000 acres of vegetables planted in Yinmabin District

**Yinmabin June 28**

According to Yinmabin District Agriculture Department of Sagaing Region, local farmers have planted more than 5,000 acres of vegetables as monsoon crops this year.

During the 2025-2026 monsoon crop season, a total of 19,698 acres of vegetables are planned to be cultivated in Yinmabin District. Since the start of this year's planting in May, a total of 5,355 acres have already been cultivated as of today. This includes 1,085 acres in Yinmabin Township, 2,990 acres in Kani Township, 525 acres in Salingyi Township, and 755 acres in Pale Township.

"This year, over 19,000 acres of vegetables are targeted for cultivation in Yinmabin District during the monsoon planting season. So far, over 5,000 acres have already been cultivated. Efforts are ongoing to meet the planned acreage," said Daw Myat Moe Win, head of the Yinmabin District Agriculture Department.

"The cultivated vegetables include roselle, chilli, aromatic herbs, cauliflower, Chinese cabbage, potatoes, okra, and eggplants. All vegetables are being cultivated using the GAP (Good Agricultural Practices) system, and farmers are being provided with the necessary technical support. Farmers are also being trained to grow crops with minimal chemical residues, ensuring alignment with health standards," she added.

According to the township-wise allocation for vegetable cultivation in Yinmabin District during the 2025–2026 monsoon season, Yinmabin Township earmarked 6,027 acres, Kani Township 6,550 acres, Salingyi Township 5,567 acres, and Pale Township 1,554 acres, totalling 19,698 acres.

This year, the respective Township Agriculture Departments are providing training on GAP cultivation methods, sharing techniques to ensure crops meet health and safety standards, and supporting farmers to expand their vegetable cultivation.

Each year, seasonal vegetables of various kinds are grown in Yinmabin District. These vegetable crops have proven successful and have contributed to increased family income. Additionally, Township Agriculture Departments are educating farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, organic pesticides, and repellents. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Drone Shield ကုမ္ပဏီက ဥရောပနိုင်ငံတစ်နိုင်ငံသို့ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များရောင်းချပေးရန် စာချုပ်ချုပ်ဆိုခဲ့



ဩစတြေးလျအခြေစိုက် Drone Shield ကုမ္ပဏီသည် တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်များကို ဥရောပ နိုင်ငံတစ်နိုင်ငံသို့ ရောင်းချပေးရန် အမေရိကန်ဒေါ်လာသန်း ၄၀ တန်ဖိုးရှိ ဝယ်ယူရေးသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ရောင်းချပေးရန် စာချုပ်ချုပ်ဆိုရာတွင် နိုင်ငံတကာ စစ်မှုရေးရာသတင်းများက မည်သည့်နိုင်ငံသို့ ရောင်းချမည်ကို ဖော်ပြထားခြင်းမရှိသေးပေ။ အလွယ်တကူ သယ်ဆောင်နိုင်သော (Handheld) စနစ် အမျိုးအစားများဖြစ်ပြီး တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်နှင့် ဆက်စပ်ပစ္စည်းများကို ယခုနှစ်အတွင်း ဥရောပနိုင်ငံသို့ ပို့ဆောင်ပေးသွားရန် စီစဉ်ထားသည်။ Drone Shield ကုမ္ပဏီ၏အဆိုအရ ယခုနှစ် ဧပြီလတွင် အခြားဖောက်သည် နိုင်ငံတစ်နိုင်ငံထံမှ အမေရိကန်ဒေါ်လာ ၂၁ သန်း အမှာစာနောက်တွင် ထပ်မံ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ထိပ်တန်းဖောက်သည်နိုင်ငံများအနေဖြင့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို စမ်းသပ်ခြင်းမှသည် တပ်ဖြန့်အသုံးပြုခြင်းဆီသို့ တိုးချဲ့လုပ်ဆောင်လာလျက်ရှိသည့်အတွက် ဤသို့ အမှာစာများ အဝယ်လိုက်လာရခြင်းဖြစ်ကြောင်း ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Oleg Vornik က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။ ဝယ်လိုအားမြင့်တက်လာမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဩစတြေးလျနိုင်ငံ Drone Shield ကုမ္ပဏီသည် ထုတ်လုပ်ရေးနှင့် တပ်ဆင်ရေးစက်ရုံကို နိုင်ငံပြင်ပ ဥရောပတိုက်တွင် ပထမဆုံးစတင် တည်ဆောက်လျက်ရှိသည်။

Drone Shield ကုမ္ပဏီ၏ သမိုင်းမှတ်တိုင်ဖြစ်သော ဥရောပနိုင်ငံတစ်ခုသို့ တင်ပို့ရောင်းချနိုင်ခဲ့သည့် သဘောတူစာချုပ်သည် ယခုနှစ် မတ်လတွင် ထုတ်ဖော်ပြသခဲ့သော ဥရောပ၏ စစ်လက်နက် ပြန်လည်တပ်ဆင်ရေးနှင့် တိုက်ပွဲဝင်အသင့်ဖြစ်မှု ၂၀၃၀ ပြည့်နှစ် အစီအစဉ်၏ ပဏာမ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ထရီလီယံကို ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ ၎င်း၏အဓိကဆောင်ရွက်မှုများတွင် ဘဏ္ဍာရေးအရ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် ချေးငွေများမှတစ်ဆင့် ဥရောပ၏ ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်ခြင်း၊ စက်မှုနှင့်ဝယ်ယူရေးဆိုင်ရာ ကိုယ်ပိုင်ဖန်တီးနိုင်မှု ခိုင်မာ အားကောင်းစေခြင်းနှင့် ရုရှားနှင့်ပဋိပက္ခဖြစ်နေစဉ် ယူကရိန်းနိုင်ငံအတွက် အထောက်အပံ့များပေးခြင်းတို့ ပါဝင်သည်။

ဩစတြေးလျနိုင်ငံတွင် ထုတ်လုပ်မှု ကြီးထွားတိုးတက်လာမှုနှင့်အတူ ဥရောပရှိ စက်ရုံများတိုးချဲ့တည်ဆောက်နေမှုသည် Drone Shield ကုမ္ပဏီအနေဖြင့် လက်ရှိနှင့် ကာကွယ်ရေးမိတ်ဖက်အသစ်များထံမှ မြင့်တက်လာသော ဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် ကောင်းမွန်သော အနေအထားဖြစ်ကြောင်းသေချာစေမည်ဟု Oleg Vornik က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**DroneShield Bags $40M Counter-Drone Deal with European Military** ကို ဘာသာပြန်ဆိုထားပါသည်။

## တောင်ကိုရီးယားကFA-50 အပေါ့စားတိုက်ခိုက်ရေးလေယာဉ်တွင် တာဝေးပစ် ခရုဇ်ဒုံးကျည်တပ်ဆင်၍ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့

တောင်ကိုရီးယားနိုင်ငံသည် FA-50 အပေါ့စား တိုက်ခိုက်ရေးလေယာဉ်တွင် Cheonryong KALCM တာဝေးပစ်ခရုဇ်ဒုံးကျည် သစ်တပ်ဆင်၍ အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် ဇွန် ၂၃ ရက်တွင် Sacheon လေတပ်စခန်း၌ပြုလုပ်ခဲ့သော အဆိုပါ ပစ်လွှတ်စမ်းသပ်မှုတွင် လေယာဉ်မှခရုဇ်ဒုံးကျည်ကို တည်ငြိမ်စွာထိန်းကျောင်းပစ်လွှတ်နိုင်ခဲ့ကြောင်း၊ Cheonryong KALCM ခရုဇ်ဒုံးကျည်သည် KF-21 Boramae တိုက်လေယာဉ်အတွက် သီးသန့်ထုတ်လုပ်ထားသော လက်နက်တစ်ခုဖြစ်သော်လည်း FA-50 အပေါ့စားတိုက်လေယာဉ်နှင့် လိုက်လျောညီထွေဖြစ်စွာ တပ်ဆင်စမ်းသပ်နိုင်ခဲ့သည်။

Cheonryong KALCM တာဝေးပစ်ခရုဇ်ဒုံးကျည်သည် LIG Nex1 နှင့် Hanwha Aerospace ကုမ္ပဏီတို့ ပူးပေါင်း၍ ပြည်တွင်း၌ ထုတ်လုပ်သည့် တောင်ကိုရီးယားနိုင်ငံ၏ တိကျစွာတိုက်ပွဲဝင်နိုင်မှု စွမ်းဆောင်ရည်များတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုကိုကိုယ်စားပြုနေသည်။ မြေအောက်ဘန်ကာများနှင့် ကွပ်ကဲရေးဌာနချုပ်များကဲ့သို့ တန်ဖိုးမြင့်မားသော၊ အခိုင်အမာ ကာကွယ်ထားသည့် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါ ဒုံးကျည်တွင် Hanwha Aerospace ကုမ္ပဏီမှ ဒီဇိုင်းထုတ်ထားသော စွမ်းအားမြင့် တာဘိုဖန်အင်ဂျင်ကိုတပ်ဆင်ထားပြီး အသံထက်မြက်သော Subsonic ခရုဇ် အမြန်နှုန်းနှင့် အကွာအဝေး ကီလိုမီတာ ၅၀၀ ကျော် ပျံသန်းစစ်ဆင်နိုင်ကာ အမြင့်နှင့် ပျံသန်းရာလမ်းကြောင်းပေါ်မူတည်၍ အကွာအဝေး ကီလိုမီတာ ၈၀၀ ကျော်ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

Cheonryong KALCM ခရုဇ်ဒုံးကျည်သည် ရေဒါလှိုင်းစုပ်ယူနိုင်သော ပစ္စည်းများနှင့် ရေဒါဖြတ်ပိုင်းဧရိယာနည်းပါးသည့် ဒီဇိုင်းပုံစံများအပါအဝင် ရန်သူ့ရေဒါများမှ အလွယ်တကူ ဖမ်းယူထောက်လှမ်းခြင်းမခံရနိုင်သည့် ကိုယ်ပျောက်ဖွဲ့စည်းမှုပုံစံမျိုး တည်ဆောက်ထားပြီး ပြိုင်ဆိုင်မှုပြင်းထန်သော လေကြောင်းအခြေအနေများတွင် ရပ်တည်ရှင်သန်နိုင်စွမ်း မြင့်မားကောင်းမွန်စေမည်ဖြစ်သည်။



Cheonryong KALCM၏ နောက်ထပ်အင်္ဂါရပ်တစ်ခုမှာ တိုက်ပွဲဝင်အသင့်ရေရှည်သိုလှောင်ထားနိုင်ခြင်းဖြစ်ပြီး ဒုံးကျည်ကို လောင်စာထည့်ပြီးအဆင့်ဖြင့် ၁၀ နှစ်ကြာ တပ်ဖြန့်ထားနိုင်မည်ဖြစ်သည်။ ကိုယ်ပျောက်တိုက်လေယာဉ် KF-21 တွင် အတွင်းပိုင်း လက်နက်တပ်ဆင်ခန်း၌ တပ်ဆင်အသုံးပြုရန် တီထွင်ထုတ်လုပ်ထားသော်လည်း ပြင်ပလက်နက်တပ်ဆင်သည့်နေရာ Hard-points များတွင်လည်း ပြောင်းလွယ်ပြင်လွယ်ရှိစွာ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

နည်းပညာအရ Cheonryong KALCM ခရုဇ်ဒုံးကျည်သည် တိကျသောလမ်းကြောင်းပြစနစ်၊ နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်တိုက်ခိုက်မှု၊ ရန်သူ့ရေဒါထောက်လှမ်းခံနိုင်ရမှုနည်းပါးခြင်းနှင့် ဖြုတ်လွယ်၊ တပ်လွယ် မော်ဂျူလာဖွဲ့စည်းပုံဒီဇိုင်းစသည်ဖြင့် ထိပ်တန်းအနောက်နိုင်ငံထုတ် ဒုံးကျည်များ၏ ဝိသေသလက္ခဏာများအားလုံး ပေါင်းစပ်ဖွဲ့စည်းထားသည်။

သို့သော်လည်း ပြည်တွင်း၌ အပြည့်အဝ ထုတ်လုပ်ထားမှုနှင့် ယှဉ်ပြိုင်နိုင်သော ထုတ်လုပ်မှုကုန်ကျစရိတ်သည် ပို့ကုန်ဈေးကွက်တွင် ဆွဲဆောင်မှုဖြစ်စေနိုင်မည့် အချက်တစ်ချက်ဖြစ်သည်။

အမေရိကန်ထုတ် JASSM နှင့် ဂျာမနီထုတ် Taurus နှင့် Cheonryong ခရုဇ်ဒုံးကျည်တို့သည် အကွာအဝေးစွမ်းရည်တူညီကြပြီး အဆင့်မြင့် Cheonryong ဒုံးကျည်ဗားရှင်းတွင် အကွာအဝေးအနည်းငယ် သာလွန်ကြောင်း သိရသည်။ ကိုယ်ပျောက်အင်္ဂါရပ်များတွင်လည်း ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး အခိုင်အမာပစ်မှတ်များအတွက် အထူးဒီဇိုင်းထုတ်ထားသော စွမ်းအားပြင်း ထိပ်ဖူးတပ်ဆင်အသုံးပြုထားသည်။ ၎င်းသည် လာမည့် KF-21 တိုက်လေယာဉ်တွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်ပြီး ယခု FA-50 အပေါ့စားတိုက်ခိုက်ရေးလေယာဉ်တွင် တပ်ဆင်၍ စမ်းသပ်နိုင်ခဲ့ခြင်းသည် ပြည်တွင်းသုံးနှင့် ပြည်ပနိုင်ငံတကာ တင်ပို့ရောင်းချမှုများအတွက် အရေးပါသော ပြောင်းလွယ်ပြင်လွယ်ရှိစွာ တိုက်ပွဲဝင်နိုင်မှုအပေါ် အလေးပေး ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Exclusive: South Korea tests new KALCM air-launched cruise missile with over 500 km strike range.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံကေများ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ကောလင်း ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံကေများ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ကြံ ၈၇၈ ကေ စိုက်ပျိုးရန်လျာထားပြီး မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကောလင်းခရိုင်အတွင်း မြို့နယ်အလိုက် ကြံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်၌ ၈၄၃ ကေနှင့် ဝန်းသိုမြို့နယ်တွင် ၃၅ ကေ စုစုပေါင်း ၈၇၈ ကေဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း ကြံ ၈၇၈ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက ကြံကိုပုံမှန်စိုက်ပျိုးကြပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်၌ ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း၊ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)




# ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များ ဝယ်ယူမှုကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးခြောက်များ ဇွန်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက်ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ကွမ်းသီးခြောက်က အခုအချိန်မှာ အရောင်းအဝယ်အဖြစ်ဆုံးပါ။ ကွမ်းသီးအရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ စိုက်ပျိုးသူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ညောင်တုန်းမြို့နယ်ကထွက်တဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက်ကွမ်းသီးအစိမ်းများကိုဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အနေအထားထိ အခြောက်ခံထားကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးခြောက်များထွက်ရှိပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကြံခင်းမြို့နယ် စခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ကြံခင်း ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ စခမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၇ ရက်က အဆိုပါကျေးရွာစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စခမ်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ငွေကျပ် ၄၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ဖောင်းလင်းကျေးရွာအုပ်စု၊ ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်မှု၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၃သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းသန်းစိုး




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှဦးဆောင်သောမြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် Buryatiaပြည်နယ်ပြည်နယ်အကြီးအကဲ H.E.Mr.Alexey SambuevichTsydenov က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည်ညစာစားပွဲနေရာသို့ရောက်ရှိကြရာ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲနှင့်တာဝန်ရှိသူများကလှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ညစာစားပွဲကို စတင်ကျင်းပပြုလုပ်ရာ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက နှုတ်ခွန်းဆက်စကားပြောကြားရာ၌အဆွေတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို Buryatia ပြည်နယ်မှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် နေရာဒေသချင်းအလှမ်းကွာဝေးသော်လည်း ရင်ဘတ်ချင်းနီးကြပါကြောင်း၊ ကိုးကွယ်ရာဘာသာတရားချင်းလည်း တူညီမှုရှိကြပြီး အခြေခံဘာသာတရားတူညီနီးစပ်မှုမှ အစပြု၍ လူမှုရေး၊ စီးပွားရေးဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့ Buryatiaပြည်နယ်သို့ လာရောက်မှုအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် မိမိအနေဖြင့် Buryatia ပြည်နယ်သို့ တတိယအကြိမ်မြောက်ရောက်ရှိခြင်းဖြစ်ပြီး သာယာလှပသည့် Buryatia ပြည်နယ်သို့ ရောက်ရှိသည့်အချိန်တိုင်း စိတ်ချမ်းသာမိပါကြောင်း၊ ဗုဒ္ဓဘာသာကို အများစုကိုးကွယ်သည့်ပြည်နယ်ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် စိတ်သဘောထားချင်း ပိုမိုတိုက်ဆိုင်မှုရှိကြောင်း၊ ဘာသာရေးဆိုင်ရာ ကူးလူးဆက်ဆံဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်တစ်ခုနီးပါးရှိပြီဖြစ်ကြောင်း၊

ဘာသာရေးဆိုင်ရာဆက်ဆံဆောင်ရွက်မှုများအပြင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊စက်မှု



Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov က ဂုဏ်ပြုညစာ စားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleikoက မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး(၁) Mr.Lukashevich Sergey Vladimirovich၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် Buryatia ပြည်နယ် Ulan-Udeမြို့ Baikalအပြည်ပြည်ဆိုင်ရာလေဆိပ် သို့ရောက်ရှိကြရာ ပြည်နယ်အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဓာ၀၁)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲတွင် ရိုးရာအကအလှအဖွဲ့များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

နည်းပညာဆိုင်ရာနှင့် အခြားနယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်တို့ Buryatiaပြည်နယ်အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်အတူ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေးအစရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဆက်လက်၍ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲနှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံးကျန်းမာချမ်းသာ၍ အဆင်ပြေချောမွေ့ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲနှင့် တာဝန်ရှိသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း Buryatia ပြည်နယ် အမျိုးသားကဇာတ်ရုံမှရိုးရာအကအလှအဖွဲ့များကတေးသံသာများ၊အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenovတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲတို့သည်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ဇနီးနှင့် ပြည်နယ်အကြီးအကဲတို့၏ဇနီးသည်လည်းကောင်း အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ၏ဇနီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားကဇာတ်ရုံမှ ရိုးရာအကအလှအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပိုက်ကျော်ခြင်းအားကစားနည်းမှ ပဏာမလက်ရွေးစင်အားကစားသမားများ လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၈**

ပိုက်ကျော်ခြင်း အားကစားနည်းမှ ပဏာမလက်ရွေးစင် အားကစားသမားများ လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲနှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲ ပွဲစဉ်များ




ကို ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန် YRG ကလပ်အသင်း အားကစားအဖွဲ့ကို မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင်းထွဋ်တင်ကလည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင်ဆုရရှိခဲ့ကြသည့် အားကစားသမားများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ အမျိုးသား၊အမျိုးသမီး ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ပြည်ထောင်စုဝန်ကြီး Jeng Phangနော်တောင်ကလည်းကောင်း ဂုဏ်ပြုဆုငွေများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပဏာမလက်ရွေးစင်အားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် Gold Camp မှ အားကစားသမား ၂၄ ဦး၊ Youth Camp မှ အားကစားသမား ခြောက်ဦးနှင့် ရန်ကုန် YRG ကလပ်အသင်းမှ အားကစားသမား ၁၈ ဦး စုစုပေါင်း ၄၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပ



ရန်ကုန် ဇွန် ၂၈

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက ဆောင်ရွက်တော်မူသည်။

ထို့နောက် ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊သာသနာရေးရာ၊ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အင်အားပြင်း မြန်မာ့ငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဘုရား၊ စေတီ၊ ပုထိုးများပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများလှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၃၃ဝကို ဆရာတော်ကြီးများကိုယ်စား သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အစည်းအဝေးကို ရပ်နားလိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တဝေဠုရိယက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။


ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိသာရက အတည်ပြုချက်ရယူပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃၤန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေများက ဒွေစတ္တာလီသတိမ ၄၂ ကြိမ်မြောက် အရုဏ်ဆွမ်းနှင့်နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❍ နေရာကွက်၍ မိုးကြီးနိုင်မှု**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**







**☆ ကျောဖုံးမှအဆက်**

အပြည်ပြည်ဆိုင်ရာလှေ အမျိုးသားတစ်ယောက်လှော် မီတာ၁၅၀၀၊ အမျိုးသား+အမျိုးသမီး ကယက်နှစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး ကနူးနှစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ ရိုးရာလှေအမျိုးသား+အမျိုးသမီးရှစ်တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသားတစ်ယောက်လှော် မီတာ ၅၀၀ ၊ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီး တစ်ယောက်လှော် မီတာ ၁၀၀၀၊ အမျိုးသား ကနူးတစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား ကယက်တစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား ကနူးတစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ ရိုးရာလှေ အမျိုးသား+အမျိုးသမီး(၁၀) တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသား နှစ်ယောက်လှော် မီတာ ၅၀၀၊ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသားနှစ်ယောက်လှော် မီတာ ၁၀၀၀၊ အမျိုးသမီး ကနူးတစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး ကယက်နှစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ အမျိုးသား+အမျိုးသမီး ကနူးနှစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ ရိုးရာလှေအမျိုးသား+အမျိုးသမီးရှစ်တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီး နှစ်ယောက်လှော် မီတာ ၁၀၀၀ ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင်ဆုရရှိသူများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် (Olympic Day 2025) လှေလှော်ပြိုင်ပွဲသို့ လှေလှော်အားကစားသမား ၉၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို ငလျင်ဘေးသင့်ပြည်သူများ သုံးလပြည့် ရည်စူးကုသိုလ်ပြု အမျှအတန်းပေးဝေပွဲအခမ်းအနားသို့ တက်ရောက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်၌ အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ မျိုးရင်ရင် သီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် စစ်ကိုင်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာများရှိ ငလျင်ဒဏ်ကြောင့် အပြိုအပျက်များကို အဖွဲ့အသီးသီးက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်ကိုင်းမြို့ သောတပန် ရပ်ကွက် ရွှေဟင်္သာတိုက်သစ်၌ ရွှေဟင်္သာတိုက်သစ်ဆရာတော် အရှင်သဒ္ဒမ္မအမှူးပြုသော သံဃာတော်အရှင်သူမြတ်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များအတွက် သုံးလပြည့် ရည်စူးကုသိုလ် အမျှအတန်းပေးဝေပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရွှေဟင်္သာတိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကိုနာယူကြပြီး အလှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းချ အမျှပေးဝေသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့်ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူအင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ဦးစီးမှူးရုံးက ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နှစ် ၇၀၀ ပြည့် အားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ငလျင်ဒဏ်ကြောင့် ပျောက်ဆုံးပျက်စီးသွားသော အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ရရှိမည့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက်စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က အမှာစကားပြောကြားသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများလက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျပေးအပ်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပန်းခင်းစီမံချက်ဖြင့်ပြုလုပ်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲ ကျင်းပစဉ်။



## အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါ ရောဂါများကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ❖ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- ❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့် ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဘီးလင်းမြစ်ရေ ဘီးလင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၂၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၂၈**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# ပြည်သူတို့ နှလုံးစိတ်ဝမ်းအေးချမ်းစေမည့် ငြိမ်းချမ်းရေး

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူသားတို့မွေးဖွားလာသည်မှစတင်၍ လူ့လောကတွင် စိတ်ချမ်းသာကိုယ်ကျန်းမာဖြင့် ဘဝခရီးကို ဖြတ်သန်းလိုကြသည်မှာ တူညီသောဆန္ဒဖြစ်သည်။ တစ်ဦးအပေါ် တစ်ဦး လက်နက်ကိုင်အားကိုးဖြင့် အနိုင်ကျင့်လွှမ်းမိုးနေခြင်းကို မည်သူမျှ နှစ်သက်သဘောကျမည် မဟုတ်ပါ။ လက်နက်ကိုင်ဆောင်ကာ မတရားမှုများ ကျူးလွန်နေသူများရှိနေသည့်အတွက် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်တွင်တည်ငြိမ်မှု ကင်းမဲ့ကာ စိတ်သောကများစွာဖြင့်နေထိုင်ရခြင်းမှာ လူ့အခွင့်အရေးဆုံးရှုံးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍နိုင်ငံတော်အစိုးရအဆက်ဆက် ကကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်ကိုစတင်ထမ်းဆောင်ချိန်မှစ၍ငြိမ်းချမ်းရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ “နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်” ဟူသောလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို အကြိမ်ပေါင်းများစွာပြုလုပ်ရင်း ရင်းနှီးပွင့်လင်းသော၊ ထင်ရှားမြင်သာသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျင်းပပေးခဲ့သည်။

အချို့သော လက်နက်ကိုင်အဖွဲ့များ အနေဖြင့် ငြိမ်းချမ်းရေးရယူရမည်ကို စိုးရွံ့သည့်အတွက် မရေရာမတိကျသော အကြောင်းအချက်များကိုပြ၍ ငြိမ်းချမ်းရေးလမ်းစဉ်မှသွေဖည်လျက်ရှိသည်။

ပြည်သူတို့၏လူမှုစီးပွားဘဝတည်ငြိမ်အေးချမ်းဖို့အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရမည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် တိုင်းပြည်ငြိမ်းချမ်းရမည်။ ထို့ကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါစာချုပ်သည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ပြည်ပနိုင်ငံအချို့မှ ခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်သည်။ ဤစာချုပ်မှာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် စတင်ထုတ်ပြန်ကြေညာခဲ့သည့် “ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း” မှစတင်ခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ရည်ရွယ်ခြင်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များ၏လက်နက်ကိုင်ပြီး အစိုးရအဆက်ဆက်ကိုတောင်းဆိုခဲ့သည်မှာ “အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ရေး” ဖြစ်သည်။ ဤအချက်များကို NCA တွင်မူအားဖြင့်သဘောတူထားပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆွေးနွေးနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအာဏာရယူလိုပါက တရားဝင်နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ချင်လျှင် ကုမ္ပဏီထောင်ရမည်ဖြစ်သည်။ နိုင်ငံတော်ကိုကာကွယ်မည့်စစ်မှုထမ်းလုပ်ချင်ပါက နိုင်ငံတော်၏တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် တပ်မတော်သို့ ဝင်ရောက်ကြရမည်ဖြစ်သည်။ ဤသည်မှာနည်းမှန်လမ်းမှန်ဖြစ်သည်။ ဤသည်ကိုမျက်ကွယ်ပြုကာ တစ်ဖက်က ငြိမ်းချမ်းရေးကို အကြောင်းပြုလျက် လက်နက်စွဲကိုင်လျက် နိုင်ငံရေးတည်ဆောက်နေခြင်းမျိုး၊ လက်နက်အင်အား၊ လူအင်အား တည်ဆောက်နေခြင်းမျိုး၊ နယ်မြေ တည်ဆောက်နေခြင်းမျိုး၊ တိုင်းရင်းသားအချင်းချင်းအနိုင်ကျင့်ကာ ပြည်သူများလိုလားသည့် ဒီမိုကရေစီကို ဆန့်ကျင်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုကိုဆန့်ကျင်ခြင်း၊ လက်နက်ကိုင်ပြီး သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ်ခားတစ်စင်းစနစ်ကိုတည်ထောင်နေခြင်းတို့မှာ ပြည်သူ့ဆန္ဒကိုဆန့်ကျင်နေခြင်းဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်အဖွဲ့များ အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တွင်ပါဝင်ဆွေးနွေးခြင်းဖြင့် မိမိတို့ လိုလားချက်များကို တင်ပြကြရမည်ဖြစ်သည်။

ထိုသို့ဆွေးနွေးတင်ပြနိုင်ရန်အတွက် ငြိမ်းချမ်းရေးဖိုရမ်– Peace Forum 2025 “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲ နှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲကို ဇွန်လ ၂၅ ရက်မှ ၂၇ ရက်အထိ နေပြည်တော်တွင်ကျင်းပခဲ့သည်။ အဆိုပါငြိမ်းချမ်းရေးဖိုရမ်ကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို မြှင့်တင်နိုင်ရန်၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတည်ဆောက်ရန်၊ လူသားချင်းစာနာမှု အကူအညီများနှင့် လူမှုစီးပွားဘဝစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်နိုင်ရန်တို့အတွက် စုပေါင်းအဖြေရှာဖော်ထုတ်ရန်ကျင်းပခြင်းဖြစ်သည်။




အဆိုပါဆွေးနွေးပွဲတွင် မိမိတို့၏ဆန္ဒ၊ အကျိုးစီးပွားထက် ပြည်ထောင်စုတိုင်းရင်းသားပြည်သူများ အားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ စိတ်ရင်းစေတနာမှန်ကန်စွာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြသည်ကိုတွေ့မြင်ရသည်။ ငြိမ်းချမ်းရေးဖိုရမ်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ရုရှားနိုင်ငံတို့မှ ဧည့်သည်တော်ပညာရှင်များပါဝင်ဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးဖိုရမ်– Peace Forum 2025 ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်မှတာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များ၊ နိုင်ငံခြားသံရုံး အသီးသီးမှ သံတမန်များ၊ ဖိုရမ်မှာပါဝင်ဆွေးနွေးကြမည့်ပြည်တွင်းပြည်ပ ပညာရှင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။ နိုင်ငံတကာက ပညာရှင်ကြီးများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်တက်ရောက် ဆွေးနွေးသည့်ပွဲဖြစ်၍ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုကဏ္ဍတွင် ထူးခြားသည့်သမိုင်းမှတ်တိုင်အဖြစ် မော်ကွန်းတင်နေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းလက်နက်ကိုင်ပြဿနာကလည်း ဒွန်တွဲပါလာခဲ့သည်ကို ထင်ရှားစွာမြင်ကြပြီးဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများက တတ်နိုင်သမျှ သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးချိန်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ ထို့နောက် နိုင်ငံတော်၏ သမိုင်းကြောင်းအခြေအနေများအရ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကိုရယူခဲ့ရသည်။ ထို့နောက်ဆိုရှယ်လစ်စနစ်ကို ၁၉၈၈ ခုနှစ် အထိ ကျင့်သုံးခဲ့သည်။ ပြည်သူများက ပါတီစုံ ဒီမိုကရေစီစနစ်ကူးပြောင်းရန်တောင်းဆိုချက်အရ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က ဒီမိုကရေစီကူးပြောင်းရေးကို တစ်ဆင့်ပြီး တစ်ဆင့် အသားကျအောင်လုပ်ဆောင်ခဲ့သည်။ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်တို့ကို ဖြည်းဖြည်းချင်းပြောင်းလဲခဲ့ပြီး ပါတီစုံ ဒီမိုကရေစီစနစ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ဖက်ဒရယ်အခွင့်အရေးနှင့်ပတ်သက်၍ ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရတောင်းဆိုမှုများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ရန်လိုအပ်သည်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ပေးမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့သမိုင်းတစ်လျှောက်တွင် တပ်မတော်သည်ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကာ ဆောင်ရွက်ပေးခဲ့သည်ချည်းဖြစ်သည်။ ပြည်သူများလိုလားသည့်စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်တွင် တည်တည်ငြိမ်ငြိမ်၊ အေးအေးချမ်းချမ်းနှင့် အောင်မြင်စွာ ကူးပြောင်းပေးနိုင်ခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို ယခင်ကတည်းက အလေးထားဖော်ဆောင်ပေးခဲ့ခြင်းဖြစ်သည်ကို ထင်ရှားစွာသိမြင်နိုင်သည်။

တပ်မတော်အနေဖြင့် ၂၀၁၅ ခုနှစ် NCA စာချုပ်ကြီးပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ချမှတ်ပြီး ယနေ့တိုင် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးမူဝါဒများမှာ NCA စာချုပ်၏ အနှစ်သာရဖြစ်ပြီး ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများမှ ရရှိလာသည့် **“အသိတရား”** ဖြစ်သည်။ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေရန်အတွက် လိုက်နာလုပ်ဆောင်ရမည့် **“အရှိတရား”** များလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးကို ဦးတည်ချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထုကရွေးချယ်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားစေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများနှင့်လူမျိုးစုများ စုစည်းလုပ်ကိုင်ရာကနေ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့်သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနှင့် မျှဝေခံစားခြင်းတို့ဖြစ်သည်။ ထို့ကြောင့် မတူကွဲပြားသည့် ကိုယ်စားပြုမှုများရှိပြီး ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကိုကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရန်အတွက် ယခုနှစ် အကုန်ပိုင်းမှာကျင်းပမည့် ရွေးကောက်ပွဲတွင် လက်ရှိကျင့်သုံးနေသည့် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)အပြင် အချိုးကျကိုယ်စားပြုစနစ် (PR)စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားမည်ဖြစ်သည်။

ရွေးကောက်ပွဲ ကျင်းပနိုင်ရေးမှာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေပေါ်တွင် အများကြီးမူတည်သည်။ ရွေးကောက်ပွဲကျင်းပပြီးပါက ဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာမည်။ လွှတ်တော်ပေါ်ပေါက်လာပြီး ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းကြရမည်။ ထိုအချိန်အခါမျိုးတွင် လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်သည်ကို တောင်းဆိုခြင်းမျိုး၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာဖြင့် မိမိတို့၏ဆန္ဒကိုသာ ဦးစားပေးလုပ်ဆောင်ဖန်တီးနေခြင်းမျိုးများမှာ **စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ဒီမိုကရေစီနှင့်ဆန့်ကျင်သွေဖည်နေသည်။ မိမိတို့၏လိုလားချက်များကို လွှတ်တော်အသီးသီးမှာ ဆွေးနွေးဆုံးဖြတ်အတည်ပြုဆောင်ရွက်ကြရမည်သာဖြစ်သည်။

ဒီမိုကရေစီဖော်ဆောင်ကျင့်သုံးရာတွင် နိုင်ငံ၏သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ဖော်ဆောင်သွားကြရမည်သာဖြစ်သည်။ ထိုသို့ဖော်ဆောင်ရာတွင် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကိုရှေ့တန်းတင်ပြီး အားလုံးစုဖွဲ့လုပ်ကိုင်ဆောင်ရွက်သွားကြမည်ဆိုပါက ထိရောက်အောင်မြင်မှာဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ဆန္ဒအစစ်အမှန်မှာ တိုင်းရင်းသားပြည်သူအားလုံးအတွက်ညီညွတ်မျှတသည့်လူမှုစီးပွားဘဝလုံခြုံရေးနှင့် အာမခံချက်ရရှိရေးတို့သာအဓိကဖြစ်သည်။ အေးချမ်းစွာနေထိုင်ပြီးကောင်းမွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်မှုကိုရရှိမှာဖြစ်သည်။ ထိုသို့အခြေအနေမျိုးသို့ရောက်ရှိရန်မှာ မျက်နှာချင်းဆိုင်တွေ့ဆုံပြီးရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြရန်ဖြစ်သည်။

**“ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လမ်းကြောင်းကို အဓိကကိုင်စွဲပြီးလျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းက အဖျက်အမှောင့်ပယောဂတွေကင်းကင်းရှင်းရှင်းနဲ့လုပ်ဆောင်နိုင်ဖို့လည်း လိုပါတယ်။ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး နိုင်ငံရေးနည်းလမ်းအရတွေ့ဆုံဆွေးနွေး အဖြေရှာနိုင်မှသာ စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေး ရရှိအောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့အပြည့်အဝယုံကြည်ထားပါတယ်”** ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၂၅ ရက်က ကျင်းပသည့် ငြိမ်းချမ်းရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီစတင်တာဝန်ယူပြီး အရင်ဆုံး ဦးစားပေးဆောင်ရွက်ခဲ့သည်မှာ ထာဝရငြိမ်းချမ်းရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေးအားကြိုးမာန်တက်ဆောင်ရွက်ရန် ကော်မတီများဖွဲ့စည်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီးလက်ရှိအချိန်ထိ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးကို အမြဲတမ်းလမ်းဖွင့်ထားပြီး ကြိုတင်သတ်မှတ်ချက်မရှိသည့်ဆွေးနွေးပွဲများကို ဖိတ်ခေါ်ကမ်းလှမ်းမှုများ၊ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိတို့အဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့်တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကိုစိတ်ရင်းစေတနာမှန်နှင့် ရှုမြင်သုံးသပ်ပြီးပြည်ထောင်စုငြိမ်းချမ်းရေးကို လိုက်ပါလုပ်ဆောင်ကြရန်ဖြစ်သည်။

နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်အခါမှာ တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သည်။ သို့သော်လည်း ကိုယ်စီလိုလားချက်များကို လက်နက်ကိုင်သည့်လမ်းစဉ်ဖြင့်တောင်းဆိုနေကြခြင်းမှာ မှားယွင်းသည့်လုပ်ရပ်သာဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြမှသာ အမှန်ကန်ဆုံးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏လိုလားချက်များကို နိုင်ငံရေးနည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက်အားပေးဆောင်ရွက်သွားကြရမည်သာဖြစ်သည်။ သို့မှသာ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်ညီလက်ညီနှင့် ရည်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန်မှာ ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်မှာဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကိုထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်ကြရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၊ အကြမ်းဖက် PDF အဖွဲ့အနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းနှင့် ရွေးကောက်ပွဲလမ်းကြောင်းများမှတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရက အကြိမ်ကြိမ်ဖိတ်ခေါ်ကမ်းလှမ်းထားပြီးဖြစ်သည်။ ငြိမ်းချမ်းရေးဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိပေါက်ဖွားလာသည့်ရလဒ်ကောင်းများနှင့်ဖော်ဆောင်ကြရမှာသာဖြစ်သည်။ တွေ့ဆုံဆွေးနွေးနိုင်ဖို့ ငြိမ်းချမ်းရေးတံခါးကို နိုင်ငံတော်အနေဖြင့် အစဉ်ဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက မိမိတို့၏ လိုလားချက်များနှင့်ဖြစ်သင့်ဖြစ်ထိုက်သည်များကို နိုင်ငံရေးနည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းအဖြေရှာကာ ပြည်သူတို့နှလုံးစိတ်ဝမ်းအေးချမ်းစေမည့်ငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။




## အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် တာ့ခ်မင်နစ္စတန် လက်ရွေးစင်အသင်းတို့၏ ခြေစစ်ပွဲစဉ်ကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၈**

၂၀၂၆ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ အုပ်စု(C) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် တာ့ခ်မင်နစ္စတန်လက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲကို ဇွန် ၂၉ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel ၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)

၄။ Myawady Webportal(https://myawady.net.mm)

၅။ Myanmar National Portal(https://myanmar.gov.mm)

## ထူးခြားသည့် နေ့အပူချိန်များ

(၂၈- ၆ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ခေတ္တပိတ်ထားမည်

၇၈ နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

## ၂၀၂၅ ခုနှစ် ဇွန် ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မဲပေးစက်လက်တွေ့သရုပ်ပြသ



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် မဲပေးစက်လက်တွေ့သရုပ်ပြမဲပေးခြင်း ပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၂၈**

မြန်မာ အီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့်မဲပေးစက်လက်တွေ့သရုပ်ပြမဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံနည်းစနစ်များနှင့် မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးမှုများပြုလုပ်ကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီဆေးရုံ)၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၂၈**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းရိုးတန်းတို့၌ ဇွန် ၃၀ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မှော်ဘီမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သဲဖြူကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၅၃ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကလေးမြို့တွင် ငွေကျပ် သိန်း ၃၀၀၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ် သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၈**

ကလေးမြို့တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၆ ရက် ညနေ ၅နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ (၂) မနော်သုခလမ်းတွင် မွန်မွန်အောင် မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၀၀၀) ဖမ်းဆီးရမိသဖြင့် မွန်မွန်အောင် ၃၅ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် သတင်းအရ ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းတွင် လမ်းလျှောက်လာသူ ဖူးပွင့်သွယ်(ခ) စန်းစန်းထွေး(ခ)သေးသေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀ ) ဖမ်းဆီးရမိသဖြင့် ဖူးပွင့်သွယ်(ခ)စန်းစန်းထွေး(ခ)သေးသေး ၂၉ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေယာဉ်များတပ်တော်ဝင်ခဲ့သော အိန္ဒိယနိုင်ငံ

**ဝင်းဇင်(သုတေသန)**

အိန္ဒိယရေတပ်သည် ရေတိမ်ပိုင်းဒေသများတွင် ရေငုပ်သင်္ဘောတိုက်ဖျက်မှု စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် စစ်လက်နက်ပစ္စည်းများ တည်ဆောက်လျက်ရှိသည်။ ထိုသို့ရေတပ်ဆိုင်ရာ စစ်လက်နက်ပစ္စည်းများ တည်ဆောက်မှုများအနက် ယခုနှစ် ဇွန် ၁၈ ရက်တွင် ကိုလ်းကတ္တားရှိ Garden Reach သင်္ဘောတည်ဆောက်ရေးနှင့် အင်ဂျင်နီယာ(GRSE)သင်္ဘောကျင်း၌ ပြည်တွင်းထုတ် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ရေယာဉ် ၁၆ စီးကို ပထမဆုံးအကြိမ် တပ်တော်ဝင်ခဲ့သည်။

အိန္ဒိယရေတပ်၏ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး INS Arnala စစ်ရေယာဉ်ကို အရပ်ဘက်အဖွဲ့အစည်းနှင့်ပူးပေါင်းကာ ပထမဆုံးအကြိမ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ တည်ဆောက်ရာ၌ အစိုးရပိုင်ကာကွယ်ရေးဆိုင်ရာ သင်္ဘောကျင်းဖြစ်သည့် GRSE မှတာဝန်ရှိသူများသည် ပုဂ္ဂလိက သင်္ဘောကျင်းတစ်ခုဖြစ်သော တမီးလ်နာဒူးပြည်နယ်၊ ခတ္တုပါလီရှိ Larsen & Toubro သင်္ဘောကျင်းနှင့် ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

INS Arnala စစ်ရေယာဉ်သည် အိန္ဒိယရေတပ်မှ အသုံးပြုသွားမည့် အကြီးမားဆုံးသော ဒီဇယ်အင်ဂျင်သုံး စစ်ရေယာဉ်ဖြစ်သောကြောင့်လည်း တစ်မူထူးခြားလျက်ရှိသည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန (MoD) သည် အဆိုပါ စစ်ရေယာဉ်များအနက် ရှစ်စီးတည်ဆောက်ရန် GRSE သင်္ဘောကျင်းကုမ္ပဏီ၊ ကိုချီရှိ Cochin Shipyard Limited (CSL) ကုမ္ပဏီတို့နှင့် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးထားရှိသည်။ MoD၏ ထုတ်ပြန်ချက်အရ ၎င်းစစ်ရေယာဉ်၏ အဓိကတာဝန်သည် ထောက်လှမ်း၊ ခြေရာခံရန်နှင့် ရန်သူ့ရေငုပ်သင်္ဘောများကို ချေမှုန်းသွားရန် ဖြစ်သည်။ အထူးသဖြင့် ကမ်းရိုးတန်းနှင့် ရေနိမ့်ပိုင်းဒေသများတွင် ရန်သူ့ရေငုပ်သင်္ဘောများကို ချေမှုန်းသွားရန်ပင်ဖြစ်သည်။

ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်မှု ရေတိမ်သွားစစ်ရေယာဉ်(ASW-SWC) ၁၆ စီး၏ စုစုပေါင်းကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံရှိသောကြောင့် စစ်ရေယာဉ်တစ်စီးလျှင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ခန့် ကုန်ကျမည်ဖြစ်သည်။ INS Arnala အတန်းအစား ASW-SWC စစ်ရေယာဉ် ၁၆ စီးသည် Kamorta အတန်းအစား ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး ကော်ဗက်သင်္ဘောလေးစီးထက် ပိုမိုသေးငယ်ပြီး ရေတိမ်သွားစစ်ရေယာဉ်များပင်ဖြစ်သည်။ Kamorta အတန်းအစားကော်ဗက်စစ်ရေယာဉ်များကို ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်ကြား GRSE သင်္ဘောကျင်းက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယရေတပ်၏ ရေတိမ်သွားရေငုပ်သင်္ဘောတိုက်ဖျက်ရေးစွမ်းရည်များလိုအပ်မှုသည် အိန္ဒိယကျွန်းဆွယ်အနောက်ဘက်၌တည်ရှိသော အာရေဘီယံပင်လယ်ကြမ်းပြင်၏ တစ်မူထူးခြားသော ဖွဲ့စည်းမှုပုံစံကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ပါကစ္စတန်နှင့် အိန္ဒိယတို့ကြားတည်ရှိသော အဆိုပါ ရေပိုင်နက်များသည် ကမ်းခြေမှရေမိုင် ၁၀ မိုင်ကျော် အတွင်းရှိ ရေပြင်သည် အလွန်အမင်း တိမ်လျက်ရှိသည်။ ပါကစ္စတန် ရေတပ်အခြေစိုက်စခန်း ကရာချိ၏ ကမ်းလွန်ရေမိုင် ၄၀ ခန့်ရှိ အာရေဘီယံပင်လယ်သည် အနက်မီတာ ၄၀ ခန့်သာရှိသည်။

ရေတိမ်သော အာရေဘီယံပင်လယ်နှင့် မတူညီသည့်အချက်မှာ ဘင်္ဂလားပင်လယ်အော်နှင့် မျက်နှာချင်းဆိုင်နေသည့် အိန္ဒိယ၏ အရှေ့ပိုင်းပင်လယ်ကမ်းခြေသည် အလွန်နက်ပြီး ပင်လယ်ကြမ်းပြင်သည် ကမ်းခြေမှကွာသည်နှင့် ရုတ်တရက်မတ်စောက်လာသည်။ ပင်လယ်ရေမျက်နှာပြင်တိမ်ခြင်းသည် အိန္ဒိယရေတပ်ကို နည်းလမ်းနှစ်သွယ်အသုံးပြုနိုင်သော ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်မှုစွမ်းဆောင်ရည်များကို ထိန်းသိမ်းထားနိုင်စေသည်။

Kamorata အတန်းအစား ရေငုပ်သင်္ဘောဖျက်ကော်ဗက်စစ်ရေယာဉ်များသည် ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတို့ရှိ နက်ရှိုင်းသောရေပြင်များတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် Arnala အတန်းအစား ASW-SWCs စစ်ရေယာဉ်များသည် အာရေဘီယံပင်လယ်တွင် ရန်သူ့ရေငုပ်သင်္ဘောများကို ခြေရာခံလျက်ရှိသည်။ အဆိုပါဒေသများရှိ ရေတိမ်သော ပင်လယ်ကြမ်းပြင်သည်




ရေငုပ်သင်္ဘောရှာဖွေရေး စစ်ရေယာဉ်များမှ ထုတ်လွှတ်သော ဆိုနာအချက်ပြမှုများကို ပုံရိပ်ထင်စေနိုင်သည်။

ASW-SWCs စစ်ရေယာဉ် ၁၆ စီး စတင်အသုံးပြုခြင်းသည် အိန္ဒိယရေတပ်ကို တိုင်းပြည်၏ကီလိုမီတာ ၇၅၀၀ ရှည်သောကမ်းခြေ၊ အကြီးစားဆိပ်ကမ်း ၁၂ ခု၊ အသေးစားဆိပ်ကမ်း ၁၈၄ ခု၊ ကျွန်း ၁၁၉၇ ခုနှင့် ကမ်းလွန်ပင်လယ်ပြင်ရှိတန်ဖိုးရှိပစ္စည်းများကို ရန်သူ့ရေငုပ်သင်္ဘောများအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ခြင်းသည် အိန္ဒိယ ASW-SWCs စစ်ရေယာဉ်စုအသစ်၏နယ်မြေကာကွယ်မှုစစ်ဆင်ရေးဆင်နွှဲခြင်းပင်ဖြစ်သည်။

INS Arnala အတန်းအစား ASW-SWCs စစ်ရေယာဉ်များကို အိန္ဒိယရေတပ်၏ သက်တမ်းရင့်Abhay အတန်းအစား ကော်ဗက်စစ်ရေးယာဉ်များနေရာတွင် အစားထိုးတာဝန်ပေးသွားရန် စီစဉ်ထားရှိသည်။ စစ်ရေယာဉ်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်တွင်း၌တည်ဆောက်ထားသည့် INS Armala အတန်းအစား စစ်ရေယာဉ်များသည် အိန္ဒိယ၏ ကိုယ်ပိုင်သင်္ဘောတည်ဆောက်နိုင်မှု တိုးတက်လာခြင်းနှင့်ပြည်ပ စစ်ရေယာဉ်များအပေါ် မှီခိုအားထားမှုလျှော့ချနိုင်ခြင်းတို့ကို ထင်ဟပ်စေလျက်ရှိသည်။

ဒီဇယ်စွမ်းအင်သုံး အင်ဂျင်သုံးလုံးတပ်ဆင်ထားသည့် INS Arnala အတန်းအစား စစ်ရေယာဉ်သည် ပေ့ါပါးပြီး လျင်မြန်သွက်လက်မှုရှိသည်။ ကြီးမားသောအားသာချက်မှာ စစ်ရေယာဉ်သည် ရေစူးအနက် ၂ ဒသမ ၇ မီတာခန့်သာ လိုသောကြောင့် ရေပြင်ခြိမ်းခြောက်မှုများ ရှာဖွေရေးအတွက် အရှေ့နှင့်အနောက်ကမ်းခြေနှစ်ခုစလုံးကို အလွယ်တကူသွားလာစေနိုင်မည်ဖြစ်သည်။ ASW-SWCs စစ်ရေယာဉ်အားလုံးကို ခေတ်မီဆန်းသစ်သော ဆိုနာတပ်ဆင်ထားပြီး ပင်လယ်ကြမ်းပြင်ရှိ ရန်သူ့ရေငုပ်သင်္ဘောများမှထွက်ပေါ်လာသည့် အချက်ပြထုတ်လွှတ်ချက်များကို ခွဲခြားနိုင်သည့် အယ်လဂိုရီသမ်နည်းစနစ်များပါရှိသည်။

INS Arnala အတန်းအစား စစ်ရေယာဉ်များသည် ခြေရာခံထောက်လှမ်းထားသည့် ရေငုပ်သင်္ဘောများကို အမီလိုက်နိုင်ရန် တစ်ဟုန်ထိုးခုတ်မောင်းနိုင်စွမ်း ရှိသည်။ အဆိုပါ ရေငုပ်သင်္ဘောခြေရာခံစစ်ရေယာဉ်များသည် ဆန်းသစ်သော ဒေတာချိတ်ဆက်မှုကွန်ရက်များကို အသုံးပြုထားသောကြောင့် ရန်သူ့သတင်းအချက်အလက်များကို မိတ်ဖက်ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ရေယာဉ်များ၊ လေယာဉ်များနှင့် မျှဝေသွားနိုင်မည်ဖြစ်သည်။

၎င်းစစ်ရေယာဉ်များကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးစစ်ဆင်ရေးယာဉ်များ၊ မိုင်းခင်းခြင်းနှင့် မိုင်းရှာဖွေရေးမစ်ရှင်များတွင် အသုံးပြုနိုင်ကြောင်း GRSE သင်္ဘောကျင်းက ထုတ်ပြန်ထားသည်။ ASW SWC စစ်ရေယာဉ်များ၏ဘက်စုံလွှမ်းခြုံသော ရေအောက်ကင်းထောက်မှု ကိရိယာတွင် Abhay ဝမ်းဗိုက်၌တပ်ဆင်ထားသောဆိုနာ၊ ရေအောက်အသံ ဆက်သွယ်မှုစနစ် (UWACS)၊ လှိုင်းနှုန်းနိမ့်ကိန်းရှင်ဆိုနာ (LFVDS)ကဲ့သို့သော အဆင့်မြင့် ရေအောက်အာရုံခံစနစ်များပါရှိသည်။

ထို့ပြင် ၎င်းစစ်ရေယာဉ်များတွင် ခြေရာခံရရှိသော ရေအောက်ခြိမ်းခြောက်မှုများကို စွမ်းဆောင်ရည်ကင်းမဲ့အောင် လုပ်ဆောင်နိုင်ရန် အပေါ့စားတော်ပီဒိုများ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးဒုံးကျည်၊ တော်ပီဒိုဖျက်လက်နက်များနှင့် အဆင့်မြင့်မိုင်းခင်းသည့် လက်နက်စနစ်များ တပ်ဆင်ထားရှိသည်။ အာရုံခံစနစ်များနှင့် လက်နက်များကို တိုက်ခိုက်ရေးစီမံခန့်ခွဲမှုစနစ်သို့ပေါင်းစပ်ခြင်းနှင့်ပေါင်းစပ်ရေငုပ်သင်္ဘောတိုက်ဖျက်ရေးများသည် စစ်ရေယာဉ်များ၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို ပိုမိုမြင့်တက်လာစေမည်ဖြစ်သည်။

**နျူကလီးယားနှင့် သမားရိုးကျရေငုပ်သင်္ဘောများ**

ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်တို့ကဲ့သို့သော အဓိကရေတပ်များသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်များကိုသာ အလေးထားတည်ဆောက်လေ့ရှိကြသည်။ အကြီးစားရေငုပ်သင်္ဘောများသည် တန်ချိန် ၄၀၀၀ ကျော်ထိ ရှိသည်။ ပြင်သစ်နှင့် ရုရှားတို့သည် သမားရိုးကျရေငုပ်သင်္ဘောများကို ပြည်ပတင်ပို့ရန်အတွက်သာ တည်ဆောက်ကြသည်။ ၎င်းတို့၏ ရေတပ်များအတွက်မူ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောကိုသာ တည်ဆောက်အသုံးပြုကြသည်။ သမားရိုးကျနှင့် နျူကလီးယားစွမ်းအင်သုံး နျူကလီးယားရေငုပ်သင်္ဘော နှစ်မျိုးစလုံးကို အသုံးပြုခြင်းသည် ကန့်သတ်ချက်များရှိနိုင်ပေသည်။

ပါကစ္စတန်ရေတပ်သည် ပြင်သစ်နိုင်ငံထုတ် ခေတ်မီရေငုပ်သင်္ဘော သုံးစီး ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အပြင် တရုတ်ရေငုပ်သင်္ဘော လေးစီးဝယ်ယူရန်လည်း လုပ်ဆောင်လျက်ရှိသည်။ ပါကစ္စတန်အနေဖြင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များပိုင်ဆိုင်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယအတွက် ကြီးမားသောစိုးရိမ်ပူပန်မှုသည် အီတလီနိုင်ငံထုတ် အသေးစားရေငုပ်သင်္ဘောခြောက်စီးပါရှိသည့် ပါကစ္စတန်၏ ရေငုပ်သင်္ဘောအုပ်ပင်ဖြစ်သည်။ ၎င်းရေငုပ်သင်္ဘောများသည် ရေတိမ်ပိုင်းဒေသများတွင် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။

လက်ရှိအချိန်တွင် GRSE သင်္ဘောကျင်းသည် Project 17A အဆင့်မြင့်ကိုယ်ပျောက် ဖရီးဂိတ်သုံးစီး၊ ASW SWCs ခုနစ်စီး၊ တိုင်းတာရေးရေယာဉ်နှစ်စီးနှင့်မျိုးဆက်သစ်ကမ်းလွန်ကင်းလှည့် ရေယာဉ်လေးစီးပါဝင်သည့် စစ်ရေယာဉ် ၁၆ စီး ထပ်မံတည်ဆောက်လျက်ရှိသည်။ ထို့ပြင် ၎င်းသင်္ဘောကျင်းသည် အခြား စစ်ရေယာဉ် ၂၄ စီးကိုလည်း တည်ဆောက်လျက် ရှိပြီး ၎င်းတို့အနက် ကိုးစီးကို ပြည်ပသို့တင်ပို့သွားမည်ဖြစ်သည်။

ASW SWC စစ်ရေယာဉ် ၁၆ စီးတည်ဆောက်ရေးအတွက်ကန်ထရိုက်စာချုပ်ကို ၂၀၁၉ ခုနှစ် ဧပြီလတွင် GRSE သင်္ဘောကျင်းနှင့် CSL ကုမ္ပဏီတို့လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် စတင်လွှဲပြောင်းပေးခဲ့ပြီး သင်္ဘောကျင်းတစ်ကျင်းသည် တစ်နှစ်လျှင် စစ်ရေယာဉ်နှစ်စီးနှုန်း လွှဲပြောင်းပေးသွားမည်ဖြစ်သည်။ သို့သော် တည်ဆောက်ရေးလုပ်ငန်းများ နှေးကွေးနေသောကြောင့် စစ်ရေယာဉ်များ လွှဲပြောင်းပေးမှုကို ၂၀၂၈ ခုနှစ်ရောက်ရှိမှသာ အပြီးသတ်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

အိန္ဒိယရေတပ်သည် ကျွန်းစုများနှင့် ကျွန်းတန်းကမ်းခြေအရှည် ကီလိုမီတာ ၇၅၀၀ကျော်နှင့် အထူးစီးပွားရေးဇုန် အကျယ်စတုရန်းကီလိုမီတာ နှစ်သန်းတို့ကို စောင့်ကြပ်ကာကွယ်သွားရန် တာဝန်ရှိပေသည်။ အိန္ဒိယသမုဒ္ဒရာ၏ စောင့်ကြပ်မှုအခန်းကဏ္ဍနှင့် တာဝန်များကိုထမ်းရွက်သွားရန် ဆန္ဒရှိနေသော အိန္ဒိယရေတပ်သည် ကမ္ဘာ့ကုန်သွယ်မှု ၃၀ ရာခိုင်နှုန်းခန့် စီးဆင်းလျက်ရှိသည့် ဟောမုဇ်နှင့် အေဒင်ပင်လယ်ကွေ့မှသည် မလက္ကာရေလက်ကြားထိ နိုင်ငံတကာရေလမ်းကြောင်းများထိ တာဝန်ထမ်းဆောင်သွားရန် မျှော်မှန်းထားရှိသည်။ ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အိန္ဒိယရေတပ်အနေဖြင့် ဒေသတွင်းအပေါ့စားအဆင့်မြင့်စစ်လက်နက်ပစ္စည်းများ တပ်ဆင်ကာ ရေတပ်ကိုဖွဲ့စည်းပြီးနိုင်ငံတကာ ရေပိုင်နက်များ စောင့်ကြပ်နိုင်ရန်အတွက် စွမ်းဆောင်ရည်နှင့်အရည်အသွေးများ အဆင့်မြင့်တင်သွားရန် လိုအပ်သည်။

ဆိုရလျှင် လက်ရှိအချိန်တွင် အာရှဒေသ၏ မဟာဗျူဟာမြောက် ပထဝီအခင်းအကျင်းမှာ ဆက်လက် ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် ကျယ်ပြန့်လှသော ပင်လယ်သမုဒ္ဒရာနှင့် အထူးစီးပွားရေးဇုန်များကို ကာကွယ်နိုင်ရေးအတွက် ခေတ်မီစစ်လက်နက်များ တည်ဆောက်ခြင်းအပါအဝင် စစ်ရေယာဉ်များကိုလည်း တိုးချဲ့တည်ဆောက်ကာ ရေတပ်စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် ကြိုးပမ်းရလျက်ရှိပေသည်။

**ကိုးကား-**


(1) Indian Navy Gets First Shallow Water Anti-submarine Warships by The Diplomat.

(2) The Logic of Indi's Warship Numbers by The Diplomat.

ဝတ္ထုတိုကဏ္ဍ

# နီးလွန်းလျှင်လည်း မြင်တတ်ပါစေ

ဝင်းမင်း(ဖန်ခါးမြေ)



(၁)

"အေး သူငယ်ချင်းပြော"

"အာ မင်းကလဲ ရပါတယ်ကွ။ မင်းနဲ့ငါ အဲသလောက်ရှင်းပြနေရမဲ့ လူတွေမှမဟုတ်တာ။ ငါးသောင်းဆိုလောက်ရဲ့လား၊ အားမနာနဲ့နော်၊ မင်းလိုသလောက်ငါချေးပေးမယ်၊ အခြားလဲ သွားချေး မနေနဲ့"

"အေး အေး အဲဒါဆို ညနေ ကိုအာလူး လက်ဖက်ရည်ဆိုင်မှာ ဆုံကြမှာဆိုတော့ ညနေကျ ငါပိုက်ဆံ ယူခဲ့မယ်"

"အိုကေ ကောင်းပါပြီဗျာ"

မင်းနိုင် တစ်ဖက်မှသူငယ်ချင်းဖြစ်သူ စိုးငွေးနှင့် ဖုန်းပြောပြီး ဖုန်းကိုစာကြည့်စားပွဲပေါ် ပြန်တင်ထားလိုက်သည်။ စိုးငွေးက သူ့အမေကို ဆေးခန်းပြရန် ငွေငါးသောင်းလောက်လိုနေ၍ မင်းနိုင်ဆီ ချေးခြင်းဖြစ်သည်။

မင်းနိုင်က အပေါင်းအသင်းမက်သည်။ ခင်တွယ်လွန်းသည်။ သူ့အပေါင်းအသင်းတွေအတွက်ဆို သူကူညီနိုင်တဲ့ကိစ္စမှန်သမျှကူညီပေးဖို့ သူ့ဘက်က အဆင်သင့်ရှိနေသည်။ သူငယ်ချင်းတွေကလည်း မင်းနိုင်စိတ်ထားကိုသိ၍ မင်းနိုင်ကို ချစ်ခင်ကြပါသည်။ အကူအညီလိုကြလျှင်လည်း မင်းနိုင်ကိုသာ ဖွေဆော်ဦး ပြေးမြင်တတ်ကြသည်။

မင်းနိုင်ကလည်း သူငယ်ချင်းတွေအပေါ် ဘယ်လောက်ကောင်းလဲဆိုလျှင် အိမ်က မိသားစုကိစ္စနှင့် သူငယ်ချင်းကိစ္စယှဉ်လာပြီဆိုပါက သူငယ်ချင်းကိစ္စဘက် ပါသွားလေ့ရှိတတ်သည်။ ထိုအခါမျိုးတွင် သူ့လက်သုံးစကားက–

"ဟိုက ကိုယ့်မိသားစုနဲ့ယှဉ်ရင်သူစိမ်းဗျ။ မကူညီဘူးဆိုရင် ကိုယ့်ပေါ် အောက်မေ့သွားနိုင်တယ်လေ၊ ကိုယ့်မိသားစုအချင်းချင်းက ဘာမှမဖြစ်ဘူး"

မင်းနိုင်က စကားအပြောအဆိုကစ မိသားစုနှင့် ပြောရင် လေသံငေါက်ဆတ်ဆတ်နှင့် မာရေကြောရေ ရှိသည်။ သူ့သူငယ်ချင်းတွေနှင့်ကျ လေသံက ချိုသည်၊ နူးညံ့ပျော့ပျောင်းသည်။ မင်းနိုင်၏ လေသံကို သဘောမကျသော်လည်း မိသားစုဝင်တွေက သည်းခံကြရသည်။

"အစ်မကြီး ဒီတိုင်မှာချိတ်ထားတဲ့ ကျွန်တော့်အင်္ကျီရော"

"နေ့ခင်းက အစ်မလျှော်လိုက်တယ်။ မောင်လေးအင်္ကျီက ချွေးနံ့တွေရတာနဲ့"

"ဟာဗျာ အစ်မကြီးကလဲ မပြောမဆိုနဲ့၊ အင်္ကျီအိတ်ကပ်ထဲမှာ ငွေပြေစာ စာရွက်တွေပါတယ်၊ မနက်ဖြန်ကျ ရုံးမှာ ဒီပြေစာ စာရွက်တွေနဲ့ လချုပ်ရှင်းရမှာ၊ ခက်တာပဲဗျာ လျှော်မယ်ဆိုလဲပြောပေါ့"

"ကိုမင်းကလဲ အစ်မကြီးက ကိုမင်း အင်္ကျီတွေ လျှော်ပေးနေကျပဲ။ ပြေစာ စာရွက်တွေကို ကိုမင်း သတိနဲ့ ထုတ်ထားမှပေါ့"

အစ်မကြီးအေးသူဇာကို မျက်နှာထားတင်းတင်း၊ မာရေကျောရေနှင့်ပြောနေသော မင်းနိုင်ကို သဘောမကျ၍ အငယ်ဆုံးမလေး အေးကလျာက ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ကလျာ ဆရာမကြီးမလုပ်စမ်းနဲ့၊ သေချင်လို့လား"

မင်းနိုင်က အေးကလျာကို ဟောက်လိုက်သည်။

"မင်းနိုင် ဒါ မင်းရဲ့အစ်မအရင်းနဲ့ ညီမအရင်းတွေ၊ ရန်သူတွေ မဟုတ်ဘူးကွ။ စကားကို ပြေပြေလည်လည် ပြောစမ်း"

ရုံးမှပြန်လာသော ဖခင်ဖြစ်သူ ဦးအေးနိုင်အိမ်ထဲ ဝင်လာသည်။

"ခြံထဲဝင်ကတည်းက ငါ မင်းတို့ကိစ္စတွေ အားလုံးကြားပြီးပြီ"

ဦးအေးနိုင် လက်ထဲက ရုံးလက်ဆွဲအိတ်ကို စတီစားပွဲပေါ်တင်ပြီး ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။

"သမီးကြီး သူဇာက ဒီတစ်မိသားစုလုံးရဲ့အဝတ်အစားတွေကို အစ်မကြီးအမိအရာသဘောထားပြီး နေ့စဉ်လျှော်ဖွပ်ပေးနေတဲ့သူပါကွ။ တစ်မိသားစုလုံးရဲ့ အဝတ်တွေလျှော်ရတာမို့ အဝတ်လျှော်ခါနီးတိုင်း အင်္ကျီအိတ်ကပ်အားလုံးကို ဘယ်လျှောက်စမ်းနိုင်မလဲကွ၊ မင်းတို့ငါတို့က ကိုယ့်အင်္ကျီအိတ်ကပ်ထဲ ရေစိုရင် ပျက်စီးစေနိုင်မဲ့ စာရွက်စာတမ်းတွေကို သတိတရနဲ့ ထုတ်ထားသင့်တယ်။ ဒါနဲ့ သူ့ပြေစာ စာရွက်တွေ အင်္ကျီအိတ်ကပ်ထဲကတွေ့လား သမီးသူဇာ"

"ဟုတ် တွေ့ပါတယ်အဖေ၊ မလျှော်ခင်တွေ့တာမို့ ပြေစာ စာရွက်တွေ ပျက်စီးမသွားပါဘူး၊ သမီးသေသေချာချာသိမ်းပေးထားပါတယ်"

"ကဲ မင်းနိုင်၊ ကိစ္စတစ်ခုကို ဂဃနဏမသိသေးဘဲနဲ့ အပြစ်တင်စောတာကို အဖေ သဘောမကျဘူးသား၊ ပြီးတော့ ကိုယ့်မောင်နှမအချင်းချင်း စကားကို အေးအေးဆေးဆေးပြောစေချင်တယ်၊ မင်းအကျင့်တွေပြင်ပါ မင်းနိုင်။ မင်းက မင်းသူငယ်ချင်းတွေနဲ့ဆို စကားပြောရင်ချိုနေတာပဲ၊ ဘာကိစ္စဖြစ်ဖြစ် ကူညီဖို့လဲ အဆင်သင့်ပဲ။ မင်းသူငယ်ချင်းတွေအပေါ် ကောင်းသလောက်၊ မိသားစုအပေါ်ကျ မင်းသိပ်အနိုင်ယူချင်တယ်၊ စကားပြောရင်လဲ ငေါက်ဆတ်ဆတ်နဲ့၊ အစ်မတွေ၊ ညီမတွေ အကူအညီလိုအပ်ရင် မင်းဘယ်တော့မှ အလေးမထားဘူး၊ မိသားစုနဲ့ သူငယ်ချင်းတွေယှဉ်လာရင် မင်းဘယ်တော့မှမိသားစုကို အလေးမထားဘူး၊ ဘေးပို့ပစ်ချင်တယ်။ ဒီမယ် မင်းနိုင် မင်းအော်သမျှ၊ ဟောက်သမျှကို မင်းအစ်မနဲ့ ညီမက မင်းကိုကြောက်လို့များ၊ ပြန်မပြောရဲဘူးလို့များ မင်းမထင်နဲ့၊ ငါးရာနှစ်ဆယ့်ရှစ်ဆိုတဲ့ မောင်နှမချစ်ခြင်းမေတ္တာတွေကြောင့် မင်းကို သည်းခံနေကြတာကွ၊ မင်း သူငယ်ချင်းတွေကို လေသံငေါက်ဆတ်ဆတ်နဲ့အော်ဟောက်ကြည့်စမ်း၊ ထတောင်ရိုက်ပစ်လိမ့်အုံးမယ်၊ ဘယ်သူမှ မင်းသည်းခံမှာမဟုတ်ဘူး၊ အဲဒါကြောင့် ကိုယ့်မိသားစုဝင်တွေကို နွေးနွေးထွေးထွေးနဲ့ တန်ဖိုးထားပြီးဆက်ဆံစမ်းကွာ"

မင်းနိုင်ကို ဆုံးမစကားပြော၍ မောသွားသဖြင့် သမီးငယ်အေးကလျာ ခပ်လာသော ရေတစ်ခွက်ကို ဦးအေးနိုင် သောက်လိုက်သည်။

(၂)

အချိန်ကား နံနက်ရှစ်နာရီထိုးပြီးစ။ အေးကလျာ ကျောင်းသွားဖို့ အိမ်ထဲမှစက်ဘီးကို ထုတ်လိုက်သည်။ အေးကလျာမျက်နှာလေး ရှုံ့မဲ့သွားသည်။ စက်ဘီးနောက်ဘီးပေါက်နေသောကြောင့်ဖြစ်ပါသည်။ စက်ဘီးပြင်ဆိုင် ဘီးဝင်ဖာနေလျှင်လည်း ကျောင်းချိန်က မီတော့မည်မဟုတ်။ ထို့ကြောင့် ကိုမင်းကို လိုက်ပို့ခိုင်းဖို့ ဆုံးဖြတ်လိုက်သည်။

"ကိုမင်းရေ ကိုမင်း"

"ဟေ ဘာတုံးဟ"

မင်းနိုင် ရုံးသွားဖို့ပြင်ဆင်နေရင်း ပြန်ထူးလိုက်သည်။

"ကလျာကို ကျောင်းလိုက်ပို့ပေးပါအုံး၊ ကလျာ့စက်ဘီးပေါက်သွားလို့ပါ"

"ဟာ ငါသူငယ်ချင်းတစ်ယောက်ကို ကားဂိတ်မှာ သွားကြိုစရာရှိတယ်။ အဲဒီကနေ ရုံးသွားရမှာဆိုတော့ နင့်ကိုလိုက်ပို့ဖို့ အချိန်မရတော့ဘူးဟ"

"ကိုမင်းကလဲ ကိုမင်းဆိုင်ကယ်နဲ့ လိုက်ပို့ရင် အချိန်မကြာပါဘူး"

"ဟာ အချိန်မရပါဘူးဆို၊ နင့်ဘာသာ ဆိုင်ကယ်ကယ်ရီငှားသွားဟာ"

အေးကလျာကိုပြောဆိုပြီး အိမ်ရှေ့ရပ်ထားသော ဆိုင်ကယ်ကိုစက်နှိုး၍ မင်းနိုင် မောင်းထွက်လာခဲ့သည်။ သူ့စိတ်က ကားဂိတ်တွင်သွားကြိုရမည့် သူငယ်ချင်းဆီသာ အာရုံရောက်နေသည်။ "လာကြိုမယ်"ဟု ကတိပေးထားသဖြင့် ကတိမပျက်ချင်။ သူငယ်ချင်း၏အပြုံအငြင်ကို မင်းနိုင် မခံနိုင်။ ဒါ့ကြောင့် ညီမလေးအေးကလျာ အကူအညီတောင်းတာကိုပင် မင်းနိုင်လျစ်လျူရှုခဲ့မိသည်။

(၃)

"မင်းနိုင် ထိုင်အုံး"

ကုလားထိုင်တွင်ထိုင်နေသော ဖခင်ဖြစ်သူ ဦးအေးနိုင်က ရုံးဆင်းလာသော သားဖြစ်သူမင်းနိုင်ကို လေသံခပ်မာမာဖြင့် ထိုင်ခိုင်းလိုက်သည်။ မျက်နှာထားကလည်း တင်းလှသည်။ မင်းနိုင် ဦးအေးနိုင်ရှေ့က ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"မနက်က မင်းကို ကလျာက သူ့စက်ဘီး ဘီးပေါက်လို့ ကျောင်းပို့ခိုင်းတယ်ဆို"

"ဟုတ်တယ်အဖေ"

"မင်း ဘာလို့လိုက်မပို့တာလဲ"

"သား သူငယ်ချင်းတစ်ယောက်ကို ကားဂိတ် သွားကြိုရမှာမို့ပါ"

"မင်းသူငယ်ချင်းက မင်းမှလာမကြိုရင် သူ့အိမ် ပြန်မရောက်တော့ဘူးလား"

"အဲဒီလိုတော့မဟုတ်ပါဘူးအဖေ၊ သားသူငယ်ချင်းကိုပေးထားတဲ့ကတိ မပျက်ချင်လို့ပါ၊ ပြီးတော့ အပြုံအငြင်လဲ မခံချင်လို့ပါ"

ဦးအေးနိုင် ခေါင်းကို ခါယမ်းလိုက်သည်။

"မင်းသူငယ်ချင်းက ငြိုငြင်လို့ မင်းဘဝပျက်မသွားဘူးကွ၊ မင်းညီမလေးက အပျိုအရွယ် ဆယ်တန်းကျောင်းသူဖြစ်နေပြီကွ၊ ကြုံရာကယ်ရီငှားစီးသွားလို့ ယုတ်မာတဲ့ ကယ်ရီသမားနဲ့တွေ့သွားရင် မင်းညီမလေး ဘဝပျက်သွားလိမ့်မယ်၊ မင်းညီမလေးအရွယ်က ထိန်းသိမ်းစောင့်ရှောက်ရမယ့်အရွယ်ကွ၊ မျက်နှာလွှဲခဲပစ်လုပ်လို့မရဘူး၊ ဒီမှာမင်းနိုင် မင်းအပေါင်းအသင်းတွေအပေါ်ကောင်းတာ၊ အပေါင်းအသင်းမက်တာ အဖေအပြစ်မပြောပါဘူး။ လူဆိုတာကလဲ လူမှုဆက်ဆံရေးသတ္တဝါမို့ မိတ်ဆွေအပေါင်းအသင်းဆိုတာ ရှိရမှာပဲ၊ သူ့အကျိုးကိုယ့်အကျိုး ရှေးရှုကြရမှာပဲ၊ ဒါပေမဲ့လဲ မိသားစုအရေးနဲ့ယှဉ်လာရင်တော့ ကိုယ့်မိသားစုကိုပဲ အလေးထားရမှာပေါ့ကွ၊ အေး... အဖေ ဒီလောက်ပဲပြောချင်တော့တယ်သား၊ တစ်နေ့ မိသားစုကို တန်ဖိုးထားသင့်တယ်၊ အလေးပေးသင့်တယ်ဆိုတာ မင်းဘဝရဲ့သင်ခန်းစာတွေက မင်းကို ပြန်သင်ပေးသွားပါလိမ့်မယ်"

(၄)

"ဟဲလို"

ဒီအချိန်ကြီး ဘယ်ကဖုန်းပါလိမ့်။ ဦးအေးနိုင် တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ည ၁၁ နာရီပင် ထိုးနေပြီ။ မင်းနိုင်များ အိမ်ပြန်မအိပ်ဖြစ်လို့ ဖုန်းဆက်သလား။ သူ့သူငယ်ချင်းမွေးနေ့ပွဲရှိသည်လို့တော့ ပြောသွားသည်။

"ဟုတ်ပါတယ် ကျွန်တော်မင်းနိုင်ရဲ့အဖေ ဦးအေးနိုင်ပါခင်ဗျာ။ ဟုတ်ကဲ့ ကျွန်တော်တို့ ချက်ချင်းလိုက်လာပါ့မယ်ခင်ဗျာ"

"သမီးတို့ရေ သူဇာ၊ ကလျာ"

သူဇာတို့ညီအစ်မအိပ်ခန်းထဲမှ ထွက်လာကြသည်။

"သားကြီးမင်းနိုင် ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေတယ်တဲ့။ အခု ဆေးရုံကြီးကို အရေးပေါ်ကားနဲ့သွားနေကြပြီတဲ့၊ အဖေတို့လိုက်သွားမှဖြစ်မယ် သမီးတို့ရေ"

အေးသူဇာက မင်းနိုင်အဝတ်အစား သုံးလေးစုံလောက်နှင့် လိုအပ်မည့်ပစ္စည်းများကို ခြင်းထဲသို့ ထည့်လိုက်သည်။

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၇၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၇၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၆၁၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၇၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်ငွေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ငါးသလဲထိုးပိဿာချိန် ၅၅၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးသလဲထိုးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလထဲမှာ လပွတ္တာမြို့နယ်ကနေ ငါးသလဲထိုးတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိကတင်ပို့ရောင်းချနေတာပါ။ ဒေသထွက် ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လဲ မှာယူနေပါတယ်"ဟု လပွတ္တာမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယဉ်ငွေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများအပါအဝင် ရေထွက်ကုန်များ တင်ပို့အား ကောင်းလာသည့်အတွက် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း လပွတ္တာမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်ငွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

## လူငယ်စွမ်းအား ပြည်ထွန်းကား

\- လူဆိုသည် အတိတ်ကြောင်းနှင့်
နိမိတ်ကောင်း ပြည့်စုံစေ၊
မေတ္တာကို ရင်မှာပိုက်လို့
နှစ်ခြိုက်ကြလေ၊
လောကအလှ ဆင်ကြပေ
အလှထွေထွေ ကျင့်ကြံပွား၊
အဖိုးတန်လူ မြတ်တနိုးနှင့်
စိုးမိုးဝင့်ကြွား။

\- လူနှင့်လူ ချစ်ခြင်းတရား
စာနာစိတ်ထား မွေးမြူပါ၊
နှုတ်ဝစီ ချိုသာပြောပေ့ါ
မနောလှကာ၊
မြတ်သောအကျင့် ကရုဏာ
မုဒိတာ စိတ်စွဲ၊
အမှားအမှန် အဆုံးဖြတ်တို့
သုံးသပ်ဝေခွဲ။

\- ကောင်းကျိုးတည် လောကထဲမှာမို့
အစဉ်အမြဲ ရှေ့ဆောင်မည်၊
တာဝန်တွေ ညီတူထမ်းလို့
လုပ်ငန်းကိုယ်စီ၊
ငြိမ်းချမ်းဖို့ တို့ရှေ့ပြည်
ဖွံ့ဖြိုးစည် ဂုဏ်သတင်း၊
နေလပမာ ရောင်ခြည်ရွှန်းသို့
ထွန်းတောက်အလင်း။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

➢ **စာမျက်နှာ ၂၄ မှအဆက်**

"အဖေ ပိုက်ဆံပါတယ်နော်"

"ပါတယ်သမီး အဖေတို့သွားကြရအောင်"

သားအဖသုံးယောက် ကားငှား၍ သူတို့မြို့နှင့် မိုင်ငါးဆယ်လောက်ဝေးသော ဆေးရုံကြီးရှိရာမြို့သို့ ထွက်လာခဲ့ကြသည်။

ဆေးရုံရောက်တော့ ဆရာဝန်ကြီးက ဦးအေးနိုင်ကိုခေါ်တွေ့ပြီး မင်းနိုင်အခြေအနေကို ပြောပြသည်။

"လူနာကိုမင်းနိုင်နဲ့အတူ သူ့သူငယ်ချင်း တစ်ယောက်ပါ ကျွန်တော်တို့ဆေးရုံကို ပါလာပါတယ်။ သူ့ငယ်ချင်းပြောတာကတော့ မင်းနိုင်က အခြားသူငယ်ချင်းတစ်ယောက်ကို KTVကအပြန်မှာ အိမ်လိုက်ပို့ရာကနေ ဆိုင်ကယ်အက်စီးဒင့်ဖြစ်တယ် ပြောပါတယ်၊ ဆိုင်ကယ်က လမ်းပေါ်က ခွေးတစ်ကောင်ကိုရှောင်ရင်း သစ်ပင်ကို ဝင်တိုက်မိတယ်တဲ့၊ မင်းနိုင်လိုက်ပို့တဲ့ သူငယ်ချင်းကတော့ အကျော်ပြီး ဒဏ်ရာကြီးကြီးမားမားမဖြစ်ပေမဲ့ မင်းနိုင်ကတော့ နေရာတင်သတိမေ့မြောသွားတယ်၊ အခု ကျွန်တော်တို့ကုသပြီးတာတောင် သူ့အသက်အန္တရာယ် မစိုးရိမ်ရပေမဲ့ သတိတော့မရသေးပါဘူး၊ အခု ကျွန်တော် လူနာရှင်တွေကို အသိပေးလိုတဲ့အကြောင်းကတော့ ကိုမင်းနိုင်ဟာ အမြင်အာရုံကြောတွေ ထိခိုက်သွားတာကြောင့် သူ့မျက်စိတွေ ပြန်မမြင်နိုင်တော့ပါဘူး ဦးအေးနိုင်"

"ခင်ဗျာ"

မင်းနိုင်၏အခြေအနေကို သိလိုက်ရတော့ သားအဖသုံးယောက် ဆရာဝန်ကြီးရှေ့တွင်ပင် ဟန်မဆောင်နိုင်ဘဲ ဖက်ငိုမိကြသည်။

"ဖြစ်မှဖြစ်ရလေ သားရယ်"

(၅)

တစ်လပြည့်သောအခါ မင်းနိုင် ဆေးရုံမှဆင်း၍ အိမ်ပြန်ရောက်လာသည်။ မျက်စိနှစ်ကွင်းလည်း အလင်းမရတော့ပါ။ ဦးအေးနိုင်တို့ သားအဖသုံးယောက်က စိတ်ဓာတ်ကျဆင်းနေသော မင်းနိုင်ကို အားပေးရင်း ပြုစုစောင့်ရှောက်ကြသည်။

အစ်မကြီး အေးသူဇာကလည်း မင်းနိုင်ကို မျက်နှာသစ်၊ သွားတိုက်တာကအစ အပေ့ါအလေး သွားတာအဆုံး၊ အိပ်ရာဝင်ချိန်ထိ အစစအဆင်ပြေအောင် စိတ်ရှည်စွာဖြင့် ပြုစုလုပ်ကိုင်ပေးသည်။ အေးကလျာကလည်း ကျောင်းကပြန်လာတိုင်း စာဖတ်ဝါသနာပါသော မင်းနိုင်ကို စာဖတ်ပြရတာ မမောနိုင်မပန်းနိုင်နှင့် တပြုံးပြုံးဖြစ်နေသည်။

မင်းနိုင် အလေးအနက်ထားပြီး ခင်မင်ခဲ့ရသော အပေါင်းအသင်းတွေကတော့ မင်းနိုင် ဆေးရုံကဆင်းပြီး အိမ်ရောက်ခါစ၌ပင် လူနာသတင်းလာမေးပြီးကတည်းက ယနေ့ထိ တစ်ယောက်မှပေါ်မလာတော့။ တချို့အပေါင်းအသင်းတွေက သတင်းပင် လာမမေးကြ၊ နေနိုင်ရက်ကြသည်။

ဘဝဒုက္ခတွေနှင့်ရင်ဆိုင်တွေ့ကြုံရချိန်မှာတော့ သူ့မိသားစုကသာ သူ့အပေါ်မှာ မငြိုမငြင်နှင့်ပြုစုစောင့်ရှောက်ကြသည်ကို ကိုယ်တွေ့ကြုံရလေတော့ တစ်ချိန်က မိသားစုအပေါ် အလေးမထားမိခဲ့သည့် ကိုယ့်ကိုယ်ကိုယ် မင်းနိုင် သိပ်မုန်းမိသည်။ စစ်မှန်သောချစ်ခြင်း၊ ကြီးမားသောမေတ္တာတရားတို့နှင့် သူ့ကိုစောင့်ရှောက်ပေးကြသော ကျေးဇူးရှင်အဖေနှင့် အစ်မကြီး၊ ညီမလေးတို့ကို မြင်တွေ့ခွင့်ရချင်သော်လည်း ဒီဘဝတော့ မြင်တွေ့နိုင်တော့မည်မဟုတ်ပါ။

"တစ်နေ့ မိသားစုကို တန်ဖိုးထားသင့်တယ်၊ အလေးပေးသင့်တယ်ဆိုတာ မင်းဘဝရဲ့ သင်ခန်းစာတွေက မင်းကို ပြန်သင်ပေးသွားပါလိမ့်မယ်"

တစ်ချိန်က အဖေဆုံးမခဲ့သော စကားသံတွေကို မင်းနိုင်ပြန်ကြားယောင်နေမိသည်။ မှန်ပါသည်။ မင်းနိုင်ဆေးရုံရောက်တော့ မိသားစုသည် သူ့အတွက် သောကဖြစ်ကြသည်။ မျက်စိနှစ်ကွင်း အမှောင်ဖုံးတော့ ငိုကြွေးကြသည်။ မင်းနိုင်ဒုက္ခတွေကို မိသားစုကသာ မျှယူကြသည်။

မင်းနိုင် မိသားစုတန်ဖိုးကို ကောင်းကောင်းနားလည်တတ်ပါပြီ။ တန်ဖိုးလည်းထားတတ်ပါပြီ။ သို့သော်လည်း မိသားစုတန်ဖိုးကိုသိချိန်မှာ မိသားစုကို ကျေးဇူးဆပ်ခွင့်ရချင်သော်လည်း ဒီဘဝတွင် ဆန္ဒပြည့်ဝမည်မဟုတ်တော့၍ ရင်နာစွာဖြင့် ငိုကြွေးရလေပြီ။

# တိုင်းပြည်အတွက်အားထားရသော မြန်မာအမျိုးသမီးများစွမ်းပကား

ညွန့်ဝင်း(နတ်တလင်း)

မြန်မာ့လူ့ဘောင်တွင် အမျိုးသမီးများကို မှီခိုသူများအဖြစ် အချို့ကသတ်မှတ်ကြသည်။ အမှန်စင်စစ် မြန်မာအမျိုးသမီးများသည် သမိုင်းအဆက်ဆက်တွင် အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်း၍ အမျိုးသားရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။ အိမ်ထောင်ပြုသားမွေး မှီခိုအဆင့်တွင်သာ ကျေနပ်နေသူများမဟုတ်ဘဲ မိသားစုအတွက်၊ နိုင်ငံအတွက်၊ အမျိုးဘာသာသာသနာအတွက် ထက်မြက်စွာ ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော စွမ်းဆောင်ရည်များနှင့် ပြည့်စုံသည့် မြန်မာအမျိုးသမီးများကို တွေ့နိုင်သည်။ မြန်မာအမျိုးသမီးများသည် မိမိတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တစွမ်းရည်များကို အမျိုးသားများနှင့် ယှဉ်တွဲပြသနိုင်ခဲ့သည်။ ပုဂံခေတ်တွင် ထင်ရှားခဲ့သော မိဖုရားကြီးဖွားစောသည် မင်းလေးဆက်တိုင်တိုင် ပုဂံအင်ပါယာကြီး မယိမ်းယိုင်မပြိုလဲအောင် အမြော်အမြင်ကြီးမားစွာဖြင့် ကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့သည်။ သူ၏ သီလ သမာဓိပြည့်စုံမှု၊ ပံ့ပိုးစွမ်းဆောင်ပေးနိုင်မှုတို့ကြောင့် မတ်တော်ကျစွာမင်း၊ သားတော်ဥစ္စနာမင်း၊ မြေးတော် နရသီဟပတေ့မင်းတို့ကပင် မိဖုရားကြီးဖွားစောကို သခင်ဖွားစော၊ အဖွားစော၊ ဖွားရင်း၊ အဖွားရင်းဟူ၍ ရိုသေလေးစားမြတ်နိုးမှုဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။ သုတေသီတို့ကမူ မင်းဝိုင်းဖွားစောဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။ ပုဂံမင်းအဆက်ဆက်က ဝိုင်းဝန်းလေးစားခြင်းခံရသော မိဖုရားကြီးဟု အဓိပ္ပာယ်ဖော်ဆောင်နိုင်ပေသည်။

သမိုင်းတွင် ရဟန်းတော်များကို စာဝါပို့ချသူ ပုဂ္ဂိုလ်အများစုမှာ ဆရာရဟန်းတော်များသာဖြစ်သည်။ သို့သော် ပုဂံခေတ်ကျစွာမင်း၏ သမီးတော် သံပျင်မင်းသမီးလေးမှာ ထူးခြားသော အမျိုးသမီးတစ်ဦးဖြစ်သည်။ မင်းသမီးလေးသည် ရဟန်းတော်များသာ တတ်သိကျွမ်းကျင်သည့် ပိဋကတ်တော်ကို ထုံးလိုချေရေလိုနှောက်နိုင်သည့်အဆင့်ထိ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ရဟန်းတော်များကို ပြန်လည်စာဝါပို့ချနိုင်သည်ထိ စွမ်းဆောင်နိုင်ခဲ့သည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ကလန်၊ သံပျင်၊ တရားသူကြီး၊ အမတ်ကြီး၊ မင်းညီမင်းသား၊ မိဖုရားခေါင်ကြီး၊ မင်းဧကရာဇ်ဟူ၍ တရားစီရင်ခွင့်ရသူ ခုနစ်ဦးရှိရာ ထိုခုနစ်ဦးတွင် မိဖုရားခေါင်ကြီး ပါဝင်နေသည်ကိုကြည့်ခြင်းဖြင့် မြန်မာအမျိုးသမီးတို့၏ ဉာဏ်ရည်နှင့် စွမ်းဆောင်ရည်ကို ခန့်မှန်းသိမြင်နိုင်သည်။ ထို့ကြောင့်ပင်လျှင် "ယခေါင်ကာလ၊ ရှေးမဆွ၌၊ ကိစ္စတသီး၊ အရေးကြီး၍၊ မပြီးနိုင်က၊ ကြံမရသော်၊ မိန်းမကိုသာ၊ တိုင်ပင်ရာ" ဟု မန်လည်ဆရာတော်က ရေးဖွဲ့ဂုဏ်ပြုရလောက်အောင်ပင် မြန်မာအမျိုးသမီးများ ထက်မြက်ခဲ့ကြသည်။

ပုဂံခေတ်မှသည် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင်လည်း သူ့ခေတ်သူ့အခါအလျောက် စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းခဲ့သည်။ သာဓကတင်ပြရလျှင် ညောင်ရမ်းခေတ် စာပေလောကတွင် တောင်တွင်းရှင်ငြိမ်းမယ်သည် အိုင်ချင်းကဗျာရေးသားရာ၌ အလွန်ထူးချွန်ခဲ့သူဖြစ်သည်။ ထို့အတူ မယ်ခွေ၊ ခင်ဆုံ၊ မမြလေး၊ လှိုင်ထိပ်ခေါင်တင်တို့သည်လည်း ကမ္ပည်းမော်ကွန်းတင်ခံရသည့် မြန်မာအမျိုးသမီးစာပေပညာရှင်၊ အနုပညာရှင်များဖြစ်သည်။

ကိုလိုနီခေတ်တွင်လည်း မြန်မာအမျိုးသမီးများသည် သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် မိမိတို့၏စွမ်းရည်ကို ပြသနိုင်ခဲ့သည်။ ဝိုင်အမ်ဘီအေမှ သခင်မများ၊ အမ်အေဒေါ်အုန်း၊ ဒေါ်မြစိန် ၊ သခင်မ ဒေါ်သိန်းတင်တို့သည် ကိုလိုနီခေတ်၏ အာဇာနည်များဟုပင် ခေါ်ဆိုထိုက်သူများဖြစ်သည်။ မြန်မာအမျိုးသမီးများသည် နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု၌ အမျိုးသားများနည်းတူဆောင်ရွက်နိုင်ရန် မြန်မာအမျိုးသမီး ကုမ္မာရီအသင်းကို တည်ထောင်ခဲ့ကြသည်။ ထိုအသင်း၏ရည်ရွယ်ချက်များမှာ မြန်မာအမျိုးသမီးတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်၊ အမျိုးသမီးများကို ထိခိုက်နစ်နာမှုများမှ ကာကွယ်စောင့်ရှောက်ရန်၊ ပညာဗဟုသုတ တိုးပွားရေးအတွက် အားပေးဆောင်ရွက်ရန်၊ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အကြောင်းကိစ္စများ ပေါ်ပေါက်လာလျှင် ကူညီရန်တို့ဖြစ်သည်။

မြန်မာ့သမိုင်းတွင် အရပ်သားဘဝဖြင့် သူရဘွဲ့ရခဲ့သူ အမျိုးသမီးမှာ မချစ်ပိုဖြစ်သည်။ မချစ်ပိုသည်

**❖မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၂၆ သန်းကျော်သည် အမျိုးသမီးများဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် စတုတ္ထအကြိမ်အမျိုးသမီးညီလာခံမှ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားအဆင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်းကာ ထိုကော်မတီဖွဲ့စည်းသော ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုကို စုစုစည်းစည်းလုပ်ဆောင်ပေးနိုင်လျှင် ပိုကောင်းမည်ဟု စဉ်းစားကြကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။ ❖**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်သူဖြစ်သည်။ ရန်သူကို သတ္တိပြောင်မြောက်စွာ အသက်စွန့်တိုက်ပွဲဝင်ခဲ့သော မချစ်ပိုကို ၁၉၅၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင်နိုင်ငံတော်က သူရဘွဲ့တံဆိပ်အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံ၏ လူမှုရေးလုပ်ငန်းများတွင်လည်း မြန်မာအမျိုးသမီးများ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဒေါ်ဦးဖွန်းခေါ် ဘွားဦးဖွန်းသည် ယခင်က မြန်မာနိုင်ငံတွင် မရှိသေးသော လူအိုရုံ (ယခုအခေါ် ဘိုးဘွားရိပ်သာ) ကို စေတနာ၊ မေတ္တာအရင်းခံ၍ စတင်တည်ဆောက်ပေးခဲ့သည်။ မိဘများရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားချိန်တွင် ဒေါ်ဦးဖွန်းသည် အိုမင်းမစွမ်းဖြစ်နေသော ဘိုးဘွားများကို မိမိ၏မိဘများသဖွယ်ပြုစုစောင့်ရှောက်နိုင်ရန် မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ ရန်ကုန်နှင်းဆီကုန်းနှင့် ပခုက္ကူတို့တွင် ဘိုးဘွားရိပ်သာများ ဖွင့်လှစ်ပေးခဲ့သည်။ ယခုအချိန်၌ ဒေါ်ဦးဖွန်း စတင်သန္ဓေတည် မွေးဖွားပေးခဲ့သော ဘိုးဘွားရိပ်သာများမှသည် မြန်မာပြည်အနှံ့အပြားတွင် ဘိုးဘွားရိပ်သာများ ဆက်လက်လည်ပတ်ကာ ဘိုးဘွားများအတွက် ခိုနားရာဖြစ်လာခဲ့ပေသည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဖလောရင့်နိုက်တင်ဂေးဆုရှင် သူနာပြုဆရာမကြီး ဒေါ်ခင်အုန်းမြသည် လူနာများကို သက်စွန့်ဆံဖျား ကယ်တင်ပြုစုနိုင်ခဲ့သူအဖြစ် ထင်ရှားခဲ့သည်။ ဒေါ်ခင်အုန်းမြသည် ဗုံးများ၊ စက်သေနတ်များ ပစ်ခတ်ပေါက်ကွဲနေသည့်ကြားမှပင် ဒဏ်ရာရအမျိုးသမီးငယ်ကို ဘေးကင်းရာသို့ ကယ်တင်ပြုစုကုသပေးခဲ့သည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီကချီးမြှင့်သည့် ဖလောရင့်နိုက်တင်ဂေးဆုကို ရန်ကုန်မြို့၊ အမှတ် -၂ တပ်မတော်ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဗိုလ်ခင်အုန်းမြ (နောင်တွင် အငြိမ်းစားဗိုလ်မှူး)က ဆွတ်ခူးရရှိခဲ့သည်။ ထိုဆုသည် မြန်မာနိုင်ငံသူနာပြုများထဲမှ ပထမဆုံးရရှိခဲ့သော ဆုပင်ဖြစ်သည်။

မြန်မာသူနာပြုအမျိုးသမီးများထဲမှ ဒုတိယအကြိမ် ဖလောရင့်နိုက်တင်ဂေး ဆုချီးမြှင့်ခံရသူတစ်ဦး ၁၉၉၃ ခုနှစ်တွင် ပေါ်ထွန်းခဲ့ပြန်သည်။ ထိုသူမှာ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ်ဖြစ်သည်။ ဒေါ်အမ်ယောနမ်သည် တပ်မတော်စစ်ကြောင်းမှ ဒဏ်ရာရ ရဲဘော်များနှင့် အရပ်သူအရပ်သားများကို မူဆယ်ဆေးရုံတွင် သက်စွန့်ဆံဖျား ကယ်တင်ပြုစုခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ချီးမြှင့်သည့် ဖလောရင့်နိုက်တင်ဂေးဆုတံဆိပ်ကို ၁၉၉၃ ခုနှစ် ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့၊ သူနာပြုတက္ကသိုလ်၌ကျင်းပသော အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌဒေါက်တာတင်ဦးက ဒေါ်အမ်ယောနမ်ကို ဆုပေးအပ်ခဲ့သည်။ သူသည် စွမ်းဆောင်ရည်မြင့်မားသော အမျိုးသမီးဖြစ်ရုံသာမက စိတ်ကောင်းစေတနာကောင်းရှိသူဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် သောင်သွပ်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမဒေါ်သိန်းရီသည် ဖလောရင့်နိုက်တင်ဂေးဆု ရရှိခဲ့သည်။ ဒေါ်သိန်းရီသည် ၁၉၉၅ ခုနှစ်ဖြစ်ပွားသည့် မီးလောင်မှုတွင် အသက် ၈ နှစ်အရွယ် မိန်းကလေးတစ်ဦးကို မီးလောင်နေသော အိမ်အတွင်းမှ အသက်စွန့်ကယ်တင်ခဲ့သည့် အာဂအမျိုးသမီးတစ်ဦးဖြစ်လေသည်။

လေကြောင်းပို့ဆောင်ရေးမှ လေယာဉ်မယ် ဒေါ်သွယ်သွယ်ဝင်းသည် လေယာဉ်စက်ချွတ်ယွင်း၍ သဲသောင်ပြင်သို့ ဆင်းသက်ရမည့်အချိန်တွင် လေယာဉ်မှူးက ခါးပတ်ပတ်ရန် ပြောဆိုသည်ကိုပင် ဂရုမစိုက်နိုင်ဘဲ ခရီးသည်များအန္တရာယ်ကင်းရန် မည်သို့လုပ်ဆောင်ရမည်ကို လမ်းညွှန်လျက်ပင် အသက်ဆုံးရှုံးခဲ့ရသည်။ သတ္တိကောင်းလှသော၊ စိတ်ထားမြင့်မြတ်လှသော လေယာဉ်မယ် ဒေါ်သွယ်သွယ်ဝင်းကို နိုင်ငံတော်က ရဲဗလဆုချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိသည့်အနက် ၂၆ သန်းကျော်သည် အမျိုးသမီးများဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် အမျိုးသမီးညီလာခံမှ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်အောင် အမျိုးသားအဆင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်အရ ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းကာ ထိုကော်မတီဖွဲ့စည်းသော ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုကို စုစုစည်းစည်းလုပ်ဆောင်ပေးနိုင်လျှင် ပိုကောင်းမည်ဟု စဉ်းစားကြကာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကို မြန်မာအမျိုးသမီးများ ကမ္ဘာ့အမျိုးသမီးများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ အမျိုးသမီးထု၏ စွမ်းအားစုကို နိုင်ငံတော်တည်ဆောက်ရေးတွင် အပြည့်အဝ အသုံးချနိုင်ရေးအတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များမှာ-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(ခ) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(ဂ) အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(ဃ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

(င) အမျိုးသမီးများကို အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။ ထိုကောင်းမွန်သော ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်စေရန် အမျိုးသမီးထုတစ်ရပ်လုံးက အမျိုးသားများနှင့် ယှဉ်တွဲကြိုးစားအကောင်အထည်ဖော်ရမည်ဖြစ်သည်။

စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများကိုအမျိုးကိုစောင့်သိသောဝံသာနုအမျိုးသမီးများအဖြစ်လည်းကောင်း၊ လောကီလောကုတ္တရာ စာပေပညာများတတ်ကျွမ်းသော ပညာရှင်များအဖြစ်လည်းကောင်း၊ သတ္တိနှင့်စွန့်လွှတ်စွန့်စားမှုတွင် မော်ကွန်းတင်ထိုက်သော အာဇာနည်များအဖြစ်လည်းကောင်း၊ အမျိုးဘာသာသာသနာကို ထွန်းလင်းတောက်ပအောင် မြှင့်တင်နိုင်သူများအဖြစ်လည်းကောင်း သမိုင်းတွင်အထင်အရှားတွေ့နိုင်ပေသည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ် မြန်မာအမျိုးသမီးများသည်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အင်အားတစ်ရပ်အဖြစ် ကြိုးစားပါဝင်သင့်သည်။ မြန်မာ့ယဉ်ကျေးမှု၏ အသက်ဟုဆိုနိုင်သော ဟီရိဩတ္တပ္ပဟူသော အရှက်အကြောက်တရားများ (မကောင်းမှုကို ပြုလုပ်ရန်ရှက်ခြင်း၊ ကြောက်ခြင်း)ကို အခြေခံကျင့်သုံးကာ တိုးတက်လာသော နည်းပညာစနစ်များနှင့် ပေါင်းစပ်လျက် ခေတ်နှင့်အညီ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရှင်များအဖြစ် စံပြုဂုဏ်ယူဝင့်ကြွားနိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားရမည်ဖြစ်ပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ် သတင်းစာများ။**

**- ပထမမြန်မာများ(မင်းယုဝေ)။**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၃၅၂ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် ညောင်ဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြန်အောင် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ညောင်ဝင်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းနှင့်အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ဝင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၁ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ၃ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးခေါင်းပွဲပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးခေါင်းပွပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးခေါင်းပွပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်က ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မေလ ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့အားကောင်းလာပါတယ်။ ဒေသတွင်းမှာကို ငါးခေါင်းပွက ဝယ်လိုအားများလာပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့သူတွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ ငါးခေါင်းပွများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**ဇီးကုန်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နွားတဲကုန်းကျေးရွာအုပ်စု ထန်းရှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းရှစ်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထန်းရှစ်ပင်ကျေးရွာ၌ အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ၁၆ ပေ၊ အကျယ် ငါးပေ၊ အမြင့် သုံးပေရှိသော Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၄ ဒသမ ၇၅ သန်းအသုံးပြုပြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇွန် ၂၀ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ထန်းရှစ်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

# ကော့ကရိတ်မြို့နယ် လော်ရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့ကရိတ် ဇွန် ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လော်ရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေစိုး၊ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆာဒေါက်ဖော့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ လော်ရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လော်ရီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# ဖိလစ်ပိုင်နိုင်ငံ ဆာရန်ဂါနီပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်



**မနီလာ ဇွန် ၂၈**

ဖိလစ်ပိုင်နိုင်ငံ ဆာရန်ဂါနီပြည်နယ်တွင် ဇွန် ၂၇ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်ဘူမိဗေဒစစ်တမ်းတွင် ဖော်ပြထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ဆာရန်ဂါနီပြည်နယ်တွင် လှုပ်ခတ်ခဲ့သော ငလျင်သည် အဆိုပါပြည်နယ်၏ အနက် ၁၀၁ ဒသမ ၆ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၅ ဒသမ ၂၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၁ ဒီဂရီကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ရသည့်အပြင် သစ်ပင်များနှင့် ဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်ခဲ့သောကြောင့် စိတ်ချရမှုမရှိသော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း၊ လတ်တလောလူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖိလစ်နိုင်ငံသည် ငလျင်လှုပ်ခတ်မှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုကဲ့သို့ငလျင်လှုပ်ခတ်ခဲ့သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် သတိပေးထားသော်လည်း ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# နယူးဇီလန်နိုင်ငံ တာရာနာကီမြို့တွင် လေဆင်နှာမောင်းကြောင့် နေအိမ် ၁၁ လုံးပျက်စီး

**ဝယ်လင်တန် ဇွန် ၂၈**

နယူးဇီလန်နိုင်ငံ တာရာနာကီမြို့တွင် ဇွန် ၂၇ ရက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီး နေအိမ် ၁၁ လုံး ပျက်စီးခဲ့ကြောင်း နယူးဇီလန် မီးသတ်နှင့် အရေးပေါ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ် ၁၁ လုံးအနက် တစ်လုံးမှာ ရာနှုန်းပြည့်ပျက်စီးသွားသည့်အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရပြီး ကျန်သောနေအိမ်များမှာ အသေးစားပျက်စီးမှုမျိုးဖြင့်သာ ရင်ဆိုင်ခဲ့ရကြောင်း၊ ရာနှုန်းပြည့်ပျက်စီးခဲ့သည့် နေအိမ်မှာ ဝေသာရာလမ်းရှိနေအိမ်ဖြစ်ပြီး အဆိုပါမိသားစုများကို ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားကြောင်း၊ နေအိမ်များကို ပျက်စီးစေနိုင်လောက်သည်ထိ လေဆင်နှာမောင်း အားကောင်းခဲ့သော်လည်း လေဆင်နှာမောင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း နယူးဇီလန် မီးသတ်နှင့် အရေးပေါ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဇွန် ၂၇ ရက်က တာရာနာကီမြို့မှာ အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် နေအိမ် ၁၁ လုံး ပျက်စီးခဲ့တယ်။ ပျက်စီးခဲ့တဲ့ နေအိမ် ၁၁ လုံးမှာ တစ်လုံးကတော့ ရာနှုန်းပြည့်ပျက်စီးခဲ့ပါတယ်။ ကျန်တဲ့ ၁၀ လုံးကတော့ အသေးစားပျက်စီးမှုတွေပဲ ရှိခဲ့ပါတယ်။ အများစုကတော့ အိမ်ခေါင်မိုးတွေ ပျက်စီးခဲ့တာဖြစ်ပါတယ်" ဟု နယူးဇီလန်မီးသတ်နှင့် အရေးပေါ်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ် ၄၄၀၅ လုံးထိရှိနေ

**ဗန်ကောက် ဇွန် ၂၈**



ထိုင်းနိုင်ငံ မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၄၄၀၅ လုံးထိ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး စိုက်ခင်းအမြောက်အမြား ရေလွှမ်းမှုကြောင့် ပျက်စီးခဲ့ကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပရာဆက်ဂျန်တာရာရူအန်တွန်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုဖြင့် အဓိကရင်ဆိုင်နေရသည့် ခရိုင်ငါးခရိုင်ထိရှိနေပြီး ချင်းရိုင်မြို့နှင့် အနီးပတ်ဝန်းကျင် ကျေးလက်ဒေသများတွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု များပြားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်အများစုမှာ ကျေးလက်ဒေသမှ ဒေသခံများဖြစ်ကြပြီး ကျေးလက်ဒေသ ၃၂ ခုမှ ဒေသခံများမှာ စိုက်ခင်းများပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ကြရကြောင်း သိရသည်။

"ရေကြီးရေလျှံမှု ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို တာဝန်ရှိသူတွေအနေနဲ့ အချိန်ပြည့်စောင့်ကြည့်ပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့လိုအပ်တဲ့ ဒေသခံတွေကို အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းပေးကြဖို့ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေကို ညွှန်ကြားထားပါတယ်"ဟု ဒုတိယဝန်ကြီးချုပ် ပရာဆက်ဂျန်တာရာရူအန်တွန်က ပြောကြားခဲ့သည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားချက် လက်ခံရရှိထားသည့်ဒေသခံများမှာ ကုန်းနိမ့်ပိုင်းတွင်နေထိုင်သော ဒေသခံများနှင့် ရေဘေးအန္တရာယ်ဖြင့် ကာလရှည်ရင်ဆိုင်ရနိုင်သည့် ဧရိယာတွင် နေထိုင်သော ဒေသခံများဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ရန်နှင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားသော ဒေသခံများကိုလည်း ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် ဒုတိယဝန်ကြီးချုပ် ပရာဆက်ဂျန်တာရာရူအန်တွန်က နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းများကို ညွှန်ကြားထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၂ ဦးသေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့

**အစ္စလာမ်မာဘတ် ဇွန် ၂၈**

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၂၇ ရက်၌ အနည်းဆုံး လူ ၂၂ ဦးသေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (PDMA) က ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ ဂျလန်းပ်ပြည်နယ်၊ အော့ကာရာပြည်နယ်၊ ဘာဟော်ဝယ်နာဂါ ပြည်နယ်၊ မူဇက်ဖာဂါပြည်နယ်နှင့် ကန်နီဝယ်ပြည်နယ်တို့မှဖြစ်ပြီး မိုးရွာသွန်းသည့်အခါ ပြိုကျသည့်နံရံပိမိခြင်း၊ ရေနစ်ခြင်း၊ ဓာတ်လိုက်ခြင်း၊ မိုးရွာသွန်းစဉ် မိုးကြိုးထိမှန်ခြင်း စသည်တို့ကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း PDMA က ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အဆိုပါပြည်နယ်များ အပါအဝင် အခြားပြည်နယ်များမှလည်း အိမ်ခေါင်မိုးနှင့် နံရံပြိုကျမှု၊ ဓာတ်လိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ များစွာရှိကြောင်း သိရသည်။

လက်ရှိတွင် ပျက်စီးမှုများကို ပြင်ဆင်ကာ ထိုသို့အဖြစ်မျိုးထပ်မံမဖြစ်စေရေး ကြိုတင်ကာကွယ်မှုများပြုလုပ်နေကြောင်း၊ ထို့ပြင် သေဆုံးသူများ၏ မိသားစုဝင်များအတွက် ငွေကြေးအကူအညီများ ပံ့ပိုးပေးရန် စီစဉ်နေကြောင်း ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ပါကစ္စတန်မိုးလေဝသဌာနက မိုးသည်းထန်စွာ ရွာသွန်းမှုသည် ဇူလိုင် ၁ ရက်ထိ ရောက်ရှိနိုင်သောကြောင့် မြေနိမ့်ပိုင်းဒေသများတွင် နေထိုင်သူများအနေဖြင့် မြေပြိုမှုနှင့် ရေကြီးမှုအန္တရာယ်ကို သတိပြုနေထိုင်ကြရန်၊ အများပြည်သူများ မလိုအပ်ဘဲ ခရီးသွားခြင်းကိုရှောင်ကြဉ်ရန်၊ လျှပ်စစ်ဓာတ်တိုင်များနှင့် ခိုင်ခံ့မှုအားနည်းသော အဆောက်အအုံများနှင့်ဝေးဝေးနေရန်၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို မိမိတို့၏ အဆောက်အအုံများ ခိုင်ခံ့မှုအခြေအနေကို စစ်ဆေးပေးရန်နှင့် ဖြစ်ပေါ်လာနိုင်သော ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်နိုင်သည့် အရေးပေါ်အစီအစဉ်များကို စတင်လုပ်ဆောင်ရန် PDMA က အကြံပြုထားသည်။

Ref : Sputnik News

Trs : KZ

# အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသများတွင် အပူချိန်မြင့်တက်နေပြီး မော်တော်ယာဉ်မောင်းနှင်ခြင်းများအတွက် အန္တရာယ်ရှိနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသများတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေသည့်အတွက် အပူချိန်မြင့်တက်နေသည့် ကာလအတွင်း မော်တော်ယာဉ်မောင်းနှင်မှုများ အန္တရာယ်ရှိနိုင်ကြောင်း အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှသုတေသီများက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မော်တော်ယာဉ်များအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရန်အတွက် ကားအင်ဂျင်ပိုင်းကို အမြဲမပြတ်စစ်ဆေးသင့်သည်ဟု မီချီဂန်ပြည်နယ် လန်းဆင်းမြို့ရှိ Liskey’s Auto and Truck Repair မှ မော်တော်ယာဉ် ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားထားကြောင်း သိရသည်။

"အပူချိန် မြင့်တက်နေတဲ့ ကာလအတွင်း မော်တော်ယာဉ်မောင်းနှင်မှုကို အထူးသတိပြုသင့်တယ်။ အပူချိန်ကြောင့် မော်တော်ယာဉ်အတွင်းမှာ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်ပါတယ်။ အပူအအေး မျှတအောင်နေဖို့ အရေးကြီးပါတယ်"ဟု အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေသည့်ဒေသမှာ ဘော့စတွန်မြို့ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုသည် ကာလရှည်ကြာသွားနိုင်ကြောင်း အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## အမွေ

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်အမည်ကတော့ "အမွေ"ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီးအုပ်ချုပ်သတဲ့။ မင်းကြီးမှာ သားတော်နှစ်ပါးလဲရှိသတဲ့ကွယ်။ မင်းသားအကြီးရဲ့နာမည်က ဉာဏဖြစ်ပြီး မင်းသားအငယ်လေးရဲ့နာမည်က ကာယဖြစ်သတဲ့။ မင်းသားနှစ်ပါးဟာ အရွယ်လဲတူသလို ဉာဏ်ရည်လဲထက်မြက်သတဲ့ကွယ်။ ဒါကြောင့် ဘုရင်ကြီးဟာ သားနှစ်ယောက်ရဲ့ရှေ့ရေးကိုမြော်တွေးပြီး ဆရာရသေ့ကြီးဆီမှာ မင်းသားတို့တတ်အပ်တဲ့ပညာကို သင်ကြားစေသတဲ့။

မင်းသားနှစ်ပါးဟာ ဆရာရသေ့ကြီး သင်ကြားပေးတဲ့ပညာတွေကို ဂရုတစိုက်သင်ယူကြသတဲ့။ မင်းသားလေးကာယဟာ သူ့နောင်တော်ကို အမြဲစောင့်ကြည့်နေပြီး နောင်တော်လုပ်သမျှကို တစ်ခုမကျန်အတုယူတာပေါ့ကွယ်။ မင်းသားနှစ်ပါးဟာ ဆရာရသေ့ကြီးဆီမှာ ပညာသင်ကြားလာလိုက်တာ သုံးနှစ်သုံးမိုး ကြာခဲ့သတဲ့ကွယ်။ မင်းသားနှစ်ပါးဟာ ပညာတွေ အကုန်တတ်မြောက်ပြီးတဲ့အခါ ဗာရာဏသီပြည်ကို ပြန်လာသတဲ့ကွယ်။ မင်းကြီးဟာ သားနှစ်ယောက်ကိုမြင်တဲ့အခါ "သားတော်တို့နှစ်ယောက်ဟာ ဒီဗာရာဏသီပြည်ရဲ့မင်းသားတွေဖြစ်တယ်။ ဒါကြောင့် မင်းသားနှစ်ပါးဟာ ပြည်သူ၊ ပြည်သားတွေ အားကိုးရတဲ့ပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားကြပါ။ မနက်ဖြန်ကစပြီး ပြည်သူ၊ ပြည်သားတွေရဲ့မေတ္တာကို ရအောင်ယူခဲ့ပါ။ ခမည်းတော် အချိန်တစ်ပတ်ပေးမယ်"လို့ဆိုသတဲ့။

မင်းသားနှစ်ပါးဟာ ခမည်းတော်စကားအတိုင်း ဗာရာဏသီမြို့၊ ရွာတွေကို လှည့်ပတ်သွားသတဲ့။ မရှိဆင်းရဲသားတွေကို အသပြာပေးသလို ကာယအားနဲ့လဲ ကူညီစောင့်ရှောက်သတဲ့ကွယ်။ မင်းသားနှစ်ပါးဟာ ပြည်သူ၊ ပြည်သားတွေကို အချင်းချင်း မေတ္တာထားပြီး ချစ်ခင်ကြဖို့ပြောကြားသတဲ့။

ဒီလိုနဲ့ မင်းသားနှစ်ပါးဟာ ခုနစ်ရက်ပြည့်လို့ နန်းတော်ထဲကို ပြန်လာပြီး မင်းကြီးရှေ့ကိုရောက်တဲ့အခါ မိမိတို့ရဲ့စွမ်းဆောင်ချက်တွေကို တစ်ခုချင်းစီပြောပြသတဲ့ကွယ်။ အဲဒီနောက် မင်းကြီးဟာ သားတော်နှစ်ပါးကို မင်းသားတို့တတ်အပ်တဲ့ပညာတွေကို စစ်သည်၊ ဗိုလ်ပါရှေ့မှာ ယှဉ်ပြိုင်စေသတဲ့ကွယ်။ မင်းသားနှစ်ပါးဟာလဲ အခက်အခဲမရှိ မိမိစွမ်းရည်ကို ထုတ်ဖော်ပြသနိုင်သတဲ့။ မင်းကြီးဟာ သားတော်နှစ်ပါးရဲ့ လက်ရုံးရည်၊ နှလုံးရည်ကိုကြည့်ပြီး သဘောကျတော်မူသတဲ့ကွယ်။ မိမိနတ်ရွာစံသွားရင် ဘယ်မင်းသားကို ထီးနန်းပေးဖို့ အခက်တွေ့နေ



တာပေါ့ကွယ်။ နောက်ဆုံး မင်းကြီးဟာ မိမိနတ်ရွာစံခါနီး မင်းသားနှစ်ပါးကိုခေါ်ကာ တိုင်းပြည်ကို တစ်ယောက် တစ်ဝက်ခွဲပြီး အုပ်ချုပ်စေသတဲ့ကွယ်။ ဒ့ါပြင် သော့နှစ်ချောင်းကိုထုတ်ကာ တစ်ယောက်တစ်ချောင်းပေးပြီး "သားတော်တို့ ဖခမည်းတော်မရှိတဲ့အချိန် တိုင်းပြည်ကို စည်ပင်ဝပြောအောင်လုပ်ပါ။ ပြည်သူတွေကိုကူညီပါ။ ညီအစ်ကိုနှစ်ယောက် ချစ်ချစ်ခင်ခင်နေပါ။ ဒုက္ခအခက်အခဲကြုံလာရင် ညီအစ်ကိုနှစ်ယောက် သော့နှစ်ချောင်းကိုအသုံးပြုပြီး သေတ္တာထဲက ရတနာကိုယူသုံးပါ"လို့ဆိုသတဲ့။

မင်းကြီးနတ်ရွာစံပြီးတဲ့နောက်မှာ မင်းသားနှစ်ပါးဟာ ကိုယ့်တိုင်းပြည်ကို စည်ပင်ဖွံ့ဖြိုးအောင်စွမ်းဆောင်ကြသတဲ့။ တိုင်းပြည်နှစ်ပြည်ဟာ သာယာဝပြောပေမဲ့ ညီအစ်ကိုနှစ်ယောက်ဟာ သူ့တိုင်းပြည်၊ ကိုယ့်တိုင်းပြည်ပြိုင်ရင်း ရန်ဘက်တွေ ဖြစ်လာတာပေါ့။

အဲဒီလိုနဲ့ တစ်နေ့မှာတော့ အခြားတိုင်းပြည်တစ်ပြည်က စစ်သည်အင်အားနဲ့ မင်းသားလေးကာယရှိတဲ့ တိုင်းပြည်ကို စစ်ချီလာသတဲ့။ မင်းသားလေးကာယဟာ မိမိအစွမ်းရှိသလောက် ခုခံကာကွယ်ပေမဲ့ စစ်ရှုံးသွားသတဲ့။ အဲဒီသတင်းကို မင်းသားကြီး ဉာဏကြားတဲ့အခါ "ရှုံးမှာပေါ့ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးတဲ့ကာယ"လို့ဆိုပြီး အားရပါးရ ရယ်မောသတဲ့ကွယ်။


အခြားတိုင်းပြည်ရဲ့ဘုရင်က မင်းသား ကာယကို ခုနစ်ရက်အတွင်း တိုင်းပြည်အပ်ဖို့ စာချွန်လွှာပေးပို့သတဲ့ကွယ်။ အဲဒီနောက် မင်းသားကြီး ဉာဏရှိတဲ့ တိုင်းပြည်ကို ဆက်လက်စစ်ချီသတဲ့။ မင်းသားကြီး ဉာဏလဲ မိမိအစွမ်းရှိသလောက်တိုက်ပေမဲ့ စစ်ရှုံးသတဲ့။ စစ်နိုင်တိုင်းပြည်ရဲ့ဘုရင်ဟာ မင်းသားကြီး ဉာဏကို ခုနစ်ရက်အတွင်း တိုင်းပြည်အပ်ဖို့ စာချွန်လွှာပေးပို့ပြန်သတဲ့ကွယ်။ ညီအစ်ကိုနှစ်ယောက်ဟာ စစ်ရှုံးတဲ့အတွက် စိတ်မကောင်းဖြစ်နေသတဲ့ကွယ်။ တိုင်းပြည်ကိုကယ်တင်ဖို့ နည်းလမ်းကိုရှာဖွေသတဲ့။ အဲဒီအချိန်မှာ မင်းသားနှစ်ပါးစလုံး ဖခမည်းတော်ရဲ့စကားဖြစ်တဲ့ " ဒုက္ခအခက်အခဲကြုံလာရင် ညီအစ်ကိုနှစ်ယောက် သော့နှစ်ချောင်းကိုအသုံးပြုပြီး သေတ္တာထဲက ရတနာကို ယူသုံးပါ"လို့ဆိုတဲ့စကားကို ကြားယောင်လာသတဲ့။ အဲဒီနောက် မင်းသားနှစ်ပါးစလုံး သော့နှစ်ချောင်းကိုအသုံးပြုပြီး သေတ္တာကိုဖွင့်ကြည့်တဲ့အခါ ရွှေပေလွှာနဲ့ရေးထားတဲ့စာကို တွေ့သတဲ့ကွယ်။

"စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား၊ ပေါင်းစုခြင်းသည် ခွန်အား၊ သားတော်တို့ ချစ်ချစ်ခင်ခင်နေပါ"ဆိုတဲ့စာကို တွေ့သွားသတဲ့။ သားတော်နှစ်ပါးဟာ ရွှေပေလွှာကိုဖတ်ပြီးတဲ့အခါ တစ်ယောက်နဲ့တစ်ယောက်ဖက်လိုက်ကြသတဲ့ကွယ်။ နောက်ပြီး စစ်နိုင်ဘုရင်ကို ညီအစ်ကိုနှစ်ယောက်ပေါင်းစုအားနဲ့ ပြန်လည်တိုက်တဲ့အခါ အလွယ်တကူအနိုင်ရသွားသတဲ့။ ဖခင်ကြီးရဲ့စကားကို မြေဝယ်မကျနားထောင်ပြီး ညီအစ်ကိုနှစ်ယောက် ချစ်ချစ်ခင်ခင်နေသွားသတဲ့ကွယ်။

ပုံပြင်လေးက ဒါပါပဲ သားသားမီးမီးတို့ရေ။ "အမွေ" ဆိုတဲ့ပုံပြင်ထဲကလို ညီအစ်ကိုမောင်နှမတွေ ချစ်ချစ်ခင်ခင်နေကြပါလို့ ဦးဦးက ဆန္ဒပြုလိုက်ပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

## ဖိုးဝလုံး



- ရေးလိုက်ဖျက်လိုက် အမှားပြင်
ညီလေးစာတွေသင်။

- အမှားရှိရင် အမှန်ပြ
မေမေဆရာမ။

- ဖေဖေကတော့ အနားထိုင်
ညီလေးလက် အုပ်ကိုင်။

- ရေးနိုင်ပါတယ် အားမလျှော့
ကြိုးစားစိတ်ဦးမော့။

- ခဲတံချွန်တော့ ညီလေးရာ
ကိုကိုအားပေးမှာ။

- ညီလေးရေးတာ ဖိုးဝလုံး
ကြည့်ကြရွှင်ပျော်ပြုံး။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

## ဝလုံးတန်းက ပန်းသခင်

- ဝလုံးတန်းက လမင်းပျို
ကြည်သာ ပြုံးရွှင်ချို၊
အကြင်နာပို ယုယထေ
မေတ္တာရှင်မလေး။

- ကဗျာတေးကို သံပြိုင်
ဝလုံးရေးကြပြီ၊
ဝိုင်းစက်ညီတဲ့ ဝလုံး
အပြိုင်အဆိုင်ရေး။

- ဝလုံးလေးတွေ ရေးပြီး
ကကြီးခခွေးသင်၊
ဝလုံးသခင် ငွေလမင်း
ကြယ်ပေါင်းစုံနဲ့လင်း။

- ကြယ်တစ်သင်းက ပြုံ
ရွှန်းရွှန်းလဲ့လဲ့စို၊
လမင်းပျိုလေး ပီတိဖုံး
ဝလုံးပန်းတွေကုံး။ ။



**ရေနံ့သာမောင်ကျော်ညွန့်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



ယင်းမာပင် ဇွန် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငှက်ပျော ၂၈၇၇ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၅၉ ကေ၊ ကနီမြို့နယ်တွင် ၂၃၄၁ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၂ ကေနှင့် ပုလဲမြို့နယ်တွင် ၁၂၅ ကေ စုစုပေါင်း ၂၈၇၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငှက်ပျော ၂၈၇၇ ကေ စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ကေအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားရောဂါကျရောက်မှုများအားသက်သာတဲ့အတွက် အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ကေလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ကေလျှင် အသီးသီးသည့်ထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ကေလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ရရှိကြောင်း သိရသည်။

ငှက်ပျောအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ဝဲဒေါင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဖြူး ဇွန် ၂၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝဲကြီးကျေးရွာအုပ်စု ဝဲဒေါင့်ကျေးရွာ၌ ပဉ္စမအကြိမ်မြစိမ်းရောင်စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ဝဲဒေါင့်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၄၇ သိန်းကို ဝဲဒေါင့်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝဲဒေါင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

## ခြင်ဆေးခွေသုံးလျှင် သတိယူ၍ အောက်တွင်ခံခွက် မမေ့နှင့်













## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇)၊ အကွက်အမည် နန်းတော်ရာကွင်း၊ ဦးပိုင်အမှတ် (၁၄၉)၊ ဧရိယာ(၀.၄၇၀)ဧကရှိသည့်အနက်မှ ဧရိယာ(၀.၃၅၂)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၄၉ ကျန်မြေ
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၁၄၉ ကျန်မြေ
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၁၄၆/ဓ၊ လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ဟေမာစိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေကျင်နိကာယဗဟိုဌာန၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စုပေါင်းမဟာဘုံကထိန်အသင်းကြီး၏ အတွင်းရေးမှူး၊ မန္တလေးမြို့၊ ပထမပုဂ္ဂလိကဘဏ်ရှေ့နေကြီး ဦးမျိုးသန့်၊ အသက်(၆၄)နှစ်သည် (၂၈-၆-၂၀၂၅)နေ့ နံနက်(၁၀:၃၀) နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ဤမဟာဝိသုဒ္ဓါရုံ တိုက်သစ်စုပေါင်းမဟာဘုံကထိန်တော်အသင်းကြီး အမှုဆောင် အဖွဲ့မှ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မဟာဝိသုဒ္ဓါရုံတိုက်သစ်
စုပေါင်းမဟာဘုံကထိန်တော်အသင်း
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

**အဖိုးတန် ရေချိုကို ချွေတာပါ**

## သမီးအဖြစ်မှ အမွေပြန်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၅ လမ်းနှင့် ၁၁၆ လမ်းကြား၊ လမ်း ၆၀(B)၊ အိမ်အမှတ်-သ-၁၃/၁၁၅-ခ နေ ဦးမြတ်သူ + ဒေါ်လှလှထွေးတို့၏သမီး မဇင်မေသူ(၉/ခမစ(နိုင်)၀၆၄၀၆၈)သည် မိဘဆိုဆုံးမစကားကို မနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပြီး ၂၀-၆-၂၀၂၅ ရက်နေ့တွင် နေအိမ်မှထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမြတ်သူ
(၉/မရတ(နိုင်)၀၄၈၇၇၀)
ဒေါ်လှလှထွေး
(၉/သစန(နိုင်)၁၀၁၆၆၁)


## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-12 တွင် ပညာသင်ကြားနေသော မဇင်ဇင်မာ၏ဖခင် အမည်မှန်မှာ ဦးခင်မောင်စန်းဖြစ်ပါကြောင်း။

ဦးခင်မောင်စန်း
(၉/တကန(နိုင်)၀၆၅၄၃၂)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

## ပျောက်ဆုံးကြောင်း

ဝမ်းတွင်းမြို့၊ ကန်ပတ်လည်ကျေးရွာနေ ဦးကျော်လင်း (ဘ) ဦးလှရွှေ(၉/ဝတန(နိုင်)၁၄၁၉၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (832900)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၅၄၁၆၃၅၃၃

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ညအိပ်ရာမဝင်ခင် Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည် သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။



**❖ ကြိုးစားအားထုတ်မှု ရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ ရည်မှန်းချက် ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်း အားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ပြုလုပ်သော တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်(Olympic Day 2025)လှေလှော်ပြိုင်ပွဲ ကျင်းပ



ရန်ကုန် ဇွန် ၂၈

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ်(Olympic Day 2025) လှေလှော်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်လျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် အမျိုးသားကယက်တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသားကနူးတစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ ရိုးရာလှေအမျိုးသား+အမျိုးသမီး ၁၀ တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊

စာမျက်နှာ ၁၈ ကော်လံ ၄ ☆

## မုတ်သုံလေအားကောင်းနေခြင်းကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၈

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၄ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

စာမျက်နှာ ၁၈ ကော်လံ ၁ ❍

## ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်းမြင့်တက်သော်လည်း စက်သုံးဆီအလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်

နေပြည်တော် ဇွန် ၂၈

ယခုသီတင်းပတ်ကာလများအတွင်း ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့်အတူ အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများသည် တစ်စည်လျှင် ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာခန့်ထိ မြင့်တက်ခဲ့သဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားမှာ တည်ငြိမ်လျက်ရှိကာ ပြည်တွင်းတွင် စက်သုံးဆီများ အလုံအလောက်ရှိသဖြင့် ပြတ်လပ်မှုမရှိဘဲ လွယ်ကူစွာဝယ်ယူသုံးစွဲနိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

